# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (9-12-2010) (ဖြေဝ၇)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း ဘုတ်ပြင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာကြသော စစ်သည်နှင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဘုတ်ပြင်းတပ်နယ် နယ်မြေခံတပ်ရင်းများကို ကြည့်ရှုစစ်ဆေးကာ ဘုတ်ပြင်းမြို့ တပ်မတော်ဆေးရုံ ခုတင်(၁၀၀)၌ ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ ရောက်ရှိပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဒိုမယ်ကျွန်းရှိ ပုလဲထုတ်လုပ်ရေးလုပ်ငန်း၌ ပုလဲမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အကြေနှင့် အညာ(သို့မဟုတ်) ပုသိမ်နှင့် မုံရွာ ပေါင်းစည်းဆက်သွယ်ပေးမည့် ပုသိမ်-မုံရွာလမ်းမကြီး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

ရန်ကြီးအောင်

**မုံရွာမြို့သို့ ရောက်ရှိခဲ့စဉ်က ကျောင်းနေဖက်သူငယ်ချင်းများနှင့် ပြန်လည်တွေ့ဆုံခွင့်ရခဲ့သည်။ အမှတ်မထင်ဆုံတွေ့ရသူမှာကား မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ် တစ်ဖက်ကမ်းရှိ လက်တောင်းကြီးကျေးရွာမှ သူငယ်ချင်း ကျော်မိုးဖြစ်သည်။ ယခုအခါတွင်ကား သူသည် ပုလဲမြို့သူနှင့် အိမ်ထောင်ကျပြီး ပုလဲမြို့မှာပင်နေသည်။ စတိုးဆိုင်ဖွင့်ကာ စိုက်ပျိုးရေးဆေးများရောင်းပြီး စီးပွားဖြစ်နေသည်ဟု ဆိုသည်။ ရောက်တုန်းရောက်ခိုက် ပုလဲမြို့သို့ အလည်လိုက်ခဲ့ရန် ဖိတ်ခေါ်သည်။ ယခင်ကလို မြစ်အနောက်ဘက်ကမ်းသို့ ဇက်ကူး၍သွားစရာမလိုတော့ကြောင်း၊ ကားဖြင့်တစ်ဆက်တည်းသွား၍ရပြီဖြစ်ကြောင်း သူကရှင်းပြရင်း လိုက်လည်ချင်အောင်ဆွယ်သည်။ သို့နှင့်ပင် သူငယ်ချင်းခေါ်ရာ ပုလဲမြို့သို့ အလည်အပတ်လိုက်ဖြစ်ခဲ့သည်။**

ငယ်စဉ်အခါကမူ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲမြို့များသို့ မုံရွာမြို့မှသွားလိုလျှင် မုံရွာဘက်ကမ်းမှ အနောက်ဘက်ညောင်ပင်ကြီးဆိပ်ကမ်းသို့ ဇက်ရေယာဉ်ဖြင့် ကူးပြီးမှ သွား၍ရသည်။ မိုးရာသီမြစ်ရေများချိန်တွင် ဖြတ်ကူးရသည်မှာ အန္တရာယ်များသည်။ ရေနည်းချိန်တွင်လည်း ချစ်ချစ်တောက်ပူသော နေရောင်အောက်တွင် မြစ်အတွင်းရှိ သဲသောင်ပြင်ပေါ်မှ ဖြတ်လျှောက်ရသည့်ဒုက္ခကလည်းမသေး။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

မိုင်တိုင် ၄၅၀/၄-၄၅၀/၅ အတွင်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေသည်ကို တွေ့ရစဉ်။

**မြောက်ယမားချောင်း တံတား**

ပုသိမ် - မုံရွာလမ်းပေါ်ရှိ မြောက်ယမားချောင်း တံတားကို တွေ့ရစဉ်။

ကြေးမုံ The Mirror

၉-၁၂-၂၀၁၀ (ကြာသပတေးနေ့)

# စက်စွမ်းအားပြည့် ရေရှည်လည်ပတ်ထုတ်လုပ်

နိုင်ငံ၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံအားထားသည်။ လယ်ယာကုန်ထုတ်စွမ်းအားစု တစ်ရပ်လုံး ထုတ်လုပ်မှု အရေအတွက်အရရော အရည်အသွေးတန်ဖိုးအရပါ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေး ကဏ္ဍအလိုက် ကြိုးပမ်းလျက်ရှိသည်။

လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်နေသည်။ ယခုအခါ သီးနှံစုံစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေး ဆည်တမံရေထိန်းတံခါးပေါင်း ၂၀၀ ကျော်ကို တည်ဆောက်ပေးထားပြီ။ တောင်သူလယ်သမားများအထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ရယူအသုံးပြုနိုင်ရေး အားပေးကူညီနေကြပြီ။

မိုးစပါး၊ နွေစပါးများ နှစ်စဉ်တိုးချဲ့ စိုက်ပျိုးနိုင်ရေး အားထုတ်နေကြပြီ။ စပါးသာမက အခြေခံစားကုန်သီးနှံ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ သီးထပ်သီးညှပ်စိုက်ပျိုးနေကြပြီ။ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံပြည့်စုံရုံမျှမက ပိုလျှံစွာထုတ်လုပ်တင်ပို့နိုင်ရေး အားထုတ်ကြရပေဦးမည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးမြေများ တိုးချဲ့မှုနှင့်အတူ သီးနှံအထွက်တိုးရေးအတွက် သွင်းအားစုများ အပြည့်အဝထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးသည်လည်း အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ အဓိကအားဖြင့် စိုက်ပျိုးရေးကဏ္ဍ ဓာတ်မြေဩဇာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။

စွမ်းအင်ဝန်ကြီးဌာနက လယ်ယာကုန်ထုတ်စွမ်းအား မြင့်မားလာစေရေး အထောက်အကူပြု အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ) ကို ဒီဇင်ဘာ ၅ ရက်က ဖွင့်လှစ်လိုက်သည်။ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး၌ တည်ဆောက်ထားပြီး တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယားဓာတ်မြေဩဇာ တန် ၅၀၀ ထုတ်လုပ်နိုင်သည်။ မကွေးတိုင်းဒေသကြီးအတွင်း ဓာတ်မြေဩဇာစက်ရုံများကို စလေ၊ ကျွန်းချောင်း၊ ကျော်စွာတို့၌ တည်ဆောက်ထားရာ ဓာတ်မြေဩဇာများ ထုတ်လုပ်လျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွား၊ ဒေသတစ်ခုချင်းစီ၏ စားနပ်ရိက္ခာနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားမြင့်မားရေးတွင် အရေးပါသည်။ ဓာတ်မြေဩဇာစက်ရုံများ တိုးချဲ့တည်ဆောက်လာနိုင်သဖြင့် နိုင်ငံ၏ ဓာတ်မြေဩဇာလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အဆိုပါ လယ်ယာကဏ္ဍ သွင်းအားစုအထောက်အကူပြုစက်ရုံများ စက်စွမ်းအားပြည့် ရေရှည်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် လယ်ယာကဏ္ဍထုတ်လုပ်မှုများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ဓာတ်အားပေးစက်ရုံနှင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်၊ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး အမှတ်(၄) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးဟိန်းထက်က စီမံကိန်း၏ အဓိကလုပ်ငန်းများအနက် အကူရေပိုလွှဲလုပ်ငန်း၊ ကုန်းကြောတမံလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ဆွစ်ယာဒ်လုပ်ငန်းနှင့် ရေလွှဲရေထုတ်မြောင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းများအနက် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို အချိန်ကာလများ သတ်မှတ်ပေးပြီး သတ်မှတ်ချိန်ကာလများအတိုင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးတာဝန်ရှိသူများအား အသေးစိတ် မှာကြားခဲ့သည်။

### မှာကြား

ထို့နောက် ဓာတ်အားပေးစက်ရုံအတွင်း အမှတ်(၄) စက်၏ စက်မှုလျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ Butterfly Valve လုပ်ငန်းနှင့် Servo Motor လုပ်ငန်းတပ်ဆင်ထားရှိမှုအခြေအနေ၊ Stator Cooler၊ Rotor Break System နှင့် Fire Alam တပ်ဆင်ထားရှိမှုအခြေအနေ၊ Upper Guide Bearing နှင့် Thread Bearing & Mirror Plate တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း၊ အမှတ်(၃)စက်၏ Stator Frame၊ Rotor နှင့် Bottom Ring အထိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အမှတ် (၂) စက်နှင့် အမှတ်(၁) စက်တို့၏ စက်မှုလျှပ်စစ်လုပ်ငန်းများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ Tail- Race Channel လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆွစ်ယာဒ်တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပင်မတမံဝဲဘက်ကမ်းရှိ ရှုရပ်မှနေ၍ တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ ပင်မတမံအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ပင်မရေပိုလွှဲ၌ Gantry Crane Bam များ တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုအခါ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းတစ်ခုလုံး၏ ၉၆ ဒသမ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းပြီးစီးသွားပါက စက်တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး အဆိုပါ စီမံကိန်း၏ အမှတ်(၄)စက်မှ မကြာမီကာလအတွင်း ဓာတ်အားထုတ်လွှတ်ပေးနိုင်တော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများက ကြီးမှူး၍ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက်က ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူဇော်ကန်တော့ကြစဉ်။** (ကြေးမုံ)

# သူနာပြုတက္ကသိုလ်(ရန်ကုန်) ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

သူနာပြုတက္ကသိုလ်(ရန်ကုန်) B.N.Sc (Generic) ဘွဲ့ရသူများ၏ ဆရာကန်တော့ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မနန်းမျိုးမြင့်မေ ဖုန်း-၀၉-၅၁၀၅၀၄၅၊ မဝတ်ရည်ထူး ဖုန်း-၀၉-၅၀၉၄၀၆၁၊ မယဉ်မာဟန် ဖုန်း-၀၉-၅၁၉၃၂၀၀၊ ကိုအောင်မြတ်ကျော် ဖုန်း-၀၁-၇၃၀၂၉၀၅၃၊ ၀၁-၇၀၄၉၁၉၊ မမြမြစိုး ဖုန်း-၀၉-၄၉၂၉၄၀၃၄၊ မချိုဝတ်ရည် ဖုန်း-၀၉-၅၃၇၀၂၀၈၊ ကိုသန့်ဝေဖြိုး ဖုန်း-၀၉-၅၁၆၂၆၈၉၊ မထက်ရွှေဝါဦး ဖုန်း-၀၉-၅၃၇၄၂၈၁၊ မအေးနန္ဒဟန် ဖုန်း-၀၉-၅၁၆၀၂၀၃နှင့် ကိုထွန်းထွန်းမင်း ဖုန်း-၀၁-၆၅၀၁၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနေ ဦးမောင်မောင်ဆွေ-ဒေါ်ကြည်ကြည်ဝင်း၊ သား အောင်မော်ဟိန်း၊ သမီး သီရိသက်ထားဦး၊ သား ဘုန်းသီဟဆွေ မိသားစု (ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း) က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ အဆင့်မြင့် (၆) ထပ် ဆေးရုံသစ်ကြီး ဆောက်လုပ်ရာ၌ အသုံးပြုရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။** (သတင်းစဉ်)

# Ocean Gate သင်တန်းကျောင်း၌ IT Diploma တန်းခွဲသစ် ဖွင့်မည်

Ocean Gate Training Centre

**ရန်ကုန် ဒီဇင်ဘာ ၈**

နိုင်ငံတကာ အသိအမှတ်ပြု IT Diploma တန်းခွဲအသစ်ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလဆန်းတွင် Ocean Gate သင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

City & Guilds ပညာရေးအဖွဲ့အစည်းကြီးက တိုက်ရိုက်အောင်လက်မှတ် ချီးမြှင့်မည့် Diploma in IT Systems Support သည် ICT နည်းပညာရပ်များကို သီအိုရီပိုင်းရော လက်တွေ့ပိုင်းပါ အခြေခံကျကျနှင့် စနစ်တကျ သင်ယူလေ့လာပြီးနောက် နိုင်ငံတကာတွင် ကျောင်းဆက်လက်တက်ရောက်ရန်နှင့် လုပ်ငန်းခွင်ပါ ဝင်ရောက်နိုင်မည့် သင်တန်းဖြစ်သည်။

Hardware & Networking အခြေခံရှိသူများနှင့် AGTI (IT) အောင်မြင်ပြီးသူများအနေဖြင့် ဤ Diploma ကို ဆက်လက်သင်ယူခြင်းဖြင့် အချိန်တိုအတွင်းတွင် International Diploma ရရှိနိုင်သည့် အခွင့်အရေးကောင်းတစ်ခုကို ရရှိမည်ဖြစ်သည်။ အတွေ့အကြုံလုံးဝမရှိသူများအတွက်လည်း ကွန်ပျူတာအခြေခံမှစ၍ ပြည့်စုံစွာ သင်ကြားပေးမည်ဖြစ်သည်။ ထူးချွန်ထက်မြက်သော ကျောင်းသားများ (Outstanding Students ) အတွက် On -the -Job Training ကို Industrial Attachment အနေဖြင့် စီစဉ်ပေးမည်ဖြစ်ရာ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်အတွက် အသင့်အနေအထားသို့ ရောက်ရှိစေမည်ဖြစ်သည်။

နိုင်ငံတကာ အသိအမှတ်ပြု သင်ရိုးဖြစ်ခြင်း၊ ပြည်ပကျောင်းများတွင် ဆက်လက်တက်ရောက်ရန်အတွက် အခြေခံကောင်းများနှင့် Academic ကင်းလွတ်ခွင့်များ ရရှိနိုင်မည့် ဥရောပ၏ ဘုံစံနှုန်း သတ်မှတ်ချက်ဖြစ်သော Europass Certificate Supplement တွင် စာရင်းဝင်သော Program ဖြစ်ခြင်းတို့ကြောင့် ဥရောပနိုင်ငံများသို့ သွားရောက်ရန် အစီအစဉ်ရှိသူများအတွက် များစွာအထောက်အကူဖြစ်စေမည် ဖြစ်သည်။

လုပ်သက် အတွေ့အကြုံရှိပြီးသူများ၊ Syllabus ပါ System နှင့် Networking ဆိုင်ရာများကို သင်ယူတတ်မြောက်ပြီး International Diploma ရယူလိုသူများသည် External Candidate အဖြစ် Registration ပြုလုပ်နိုင်သည်။

စုံစမ်းလိုသူများနှင့် တက်ရောက်လိုသူများသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေး မှတ်တိုင်အနီး အမှတ်(၃၅၅)အခန်း(၂၀၆) Ocean Gate Training Centre ဖုန်း-၀၁-၃၈၀၁၃၀ နှင့် ၀၉-၉၀-၆၁၃၂၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြေပုံမြို့အတွင်း ပြန်လည်တည်ဆောက်ရေးနှင့် ထုထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား

နေပြည်တော် ဒီဇင်ဘာ ၈

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဒီဇင်ဘာ ၅ ရက် ညနေပိုင်းတွင် မြေပုံမြို့သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။**

ဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် လေဘေးသင့်ပြည်သူများအား တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လေဘေးကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့မမွှာရုံပြုပြင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြေပုံမြို့ ကြက်ရေကြီး ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မြေပုံမြို့ ငါးလုပ်ငန်း ဦးစီးဌာန ဂီရိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ လှေတည်ဆောက်ရေးအလုပ်ရုံ၌ ကျင်းပသည့် ငါးဖမ်းလှေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။ အခမ်းအနားတွင် ငါးလုပ်ငန်း ဦးစီးဌာနမှ ရေလုပ်သား ၁၈ ဦးတို့အား ငါးဖမ်းလှေ ၁၈ စင်း ပေးအပ်လှူဒါန်းခဲ့သည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကံသာ အခြေခံပညာမူလတန်းကျောင်းနှင့် မြေပုံမြောက် အခြေခံပညာမူလတန်းကျောင်း တို့သို့ ရောက်ရှိပြီး မုန်တိုင်းကြောင့် ကျောင်းဆောင်များပျက်စီးခဲ့၍ ယာယီကျောင်းဆောင်ဖြင့် စာသင်နေမှုနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် မြေပုံမြို့ ငါးလုပ်ငန်းဦးစီးဌာန ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ လှေတည်ဆောက်ရေး အလုပ်ရုံတွင် ရေလုပ်သားများအတွက် ငါးဖမ်းလှေ ၁၈ စင်း ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**မင်းပြားမြို့ မြို့မဈေး မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ထားရှိမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ခင်စိုးတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# B.A (Law), LL.B (နောက်ဆုံးအပတ်စဉ်) ဥပဒေ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာန၌ ပညာသင်ကြားခဲ့ကြသော (၁၉၇၅ကျောင်းဝင် ၁၉၈၀တွဲ့ရ) B.A (Law),LL.B (နောက်ဆုံးအပတ်စဉ်) ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲနှင့် ဘွဲ့ရ ပုလဲရတုအထိမ်းအမှတ်တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်ပန်းခြံရှိ Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အကြံဉာဏ်များကို မဆွေဆွေ ဖုန်း-၀၉-၅၁၁၄၂၀၃၊ မယဉ်မျိုးမေ ဖုန်း-၀၉-၅၁၈၁၀၆၅၊ မခင်အုန်းမြင့် ဖုန်း-၀၉-၅၃၄၁၅၉၅၊ မသင်းသင်း ဖုန်း-၅၁၃၅၁၄၊ မနွယ်နီအောင် ဖုန်း-၀၉-၅၀၈၄၂၂၁၊ မမြင့်မြင့်အေး ဖုန်း-၅၁၃၄၇၃၊ မခင်မမ ဖုန်း-၀၉-၅၀၈၀၄၃၈၊ မစိုးမြတ်မူ ဖုန်း-၀၉-၅၅၀၂၄၁၃၊ မမြတ်မြတ်သစ်-ကိုသိန်းထွန်း ဖုန်း-၀၉-၈၀၂၃၇၇၈၊ ၇၀၄၉၁၁၊ ကိုသောင်းငွေ ဖုန်း-၀၉- ၂၀၁၁ ၈၈၂၊ ကိုအောင်အောင် ဖုန်း-၂၁၈၀၃၂၊ ကိုဝင်းကို ဖုန်း-၀၉-၅၅၀၂၈၄၆၊ ကိုမြအောင် ဖုန်း-၀၉-၅၁၅၁၂၄၆၊ ကိုတင်လတ် ဖုန်း-၀၉-၅၀၈ ၅၄၉၉ တို့သို့ ဆက်သွယ်လှူဒါန်း ပေးအပ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၉-၁၂-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပဋ္ဌိစ္စသမုပ္ပာဒ်အထူးသင်တန်း" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသီရိ)
- ၆း၄၀ ရွှေမူလက်ရာလှေလှော်ဖိုလ်ဝင်နှင့်ရွှေဘတောင်တော်မှာ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၆)**
- ၈း၄၀ ဓမ္မဒူတပရိယတ္တိစာသင်တိုက် (သိမ်ဇရပ်)
- ၉း၀၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ၏ ဂုဏ်ယူဆင်နွဲကုန်စည်ပြပွဲ
- ၉း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Hawaii Education Certificate Award Ceremony)
- ၉း၃၀ Science For All (သတင်းဆက်သွယ်ရေးနှင့်နည်းပညာသမိုင်း) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
- ၁၀း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဘတ်ကီးဖူးစာ"
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၅ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ဂါရဝဖြင့် ဦးညွှတ်ချီဆရာများ၏ ကျေးဇူးဂုဏ်ရည် (၁၉၇၂-၁၉၇၈ ခုနှစ် ဘာသာရပ်ပေါင်းစုံရန်ကုန်စက်မှုတက္ကသိုလ်)
- ၁၂း၄၅ မန္တလေးမြို့ဈေးချိုဝါးတန်းရပ်မှ ကထိန်အလှူတော်
- ၁း၀၀ "ပဋ္ဌိစ္စသမုပ္ပာဒ်အထူးသင်တန်း" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသီရိ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol [အထက(၂)စမ်းချောင်း၊ အထက(၁)ဒဂုံ]
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉၉)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၆)**
- ၄း၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်ဝင်စားစရာကောင်းသည် အလှမွေးငါးပြပွဲပြိုင်ပွဲဆီ)
- ၅း၀၅ ဓာတ်ပုံထဲမှအမှတ်တရများ (နီနီခင်ဇော်)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သုညတဓမ္မမိုးကုတ်ဝိပဿနာ၏ မင်္ဂလာရှိသောနေ့တစ်နေ့
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၀)**
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ခရီးသွားတာကောင်းတယ်၊ ခရီးမသွားတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၇)**
- ၁၀း၁၀ မြန်မာ့ရုပ်ရှင်နှစ်(၉၀)ပြည့်ဂုဏ်ပြုအစီအစဉ် (အပိုင်း-၁)
- ၁၀း၅၅ ကူရှည်ရွာမှဘုရားအလှူ ရွှေတိဂုံပုံစံတူ
- ၁၁း၀၅ အနုပညာမိုးကောင်းကင်
- ၁၁း၂၅ ဂီတသရုပ်ပြခန်း (Jet San Htun - ကြယ်တွေလို)
- ၁၁း၅၀ စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Training Centre မှာ---
- ၁၂း၁၀ သင်ယူလေ့လာဂီတပညာ (Sound Creation Module 1 Looping)
- ၁၂း၃၅ အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
- ၁၂း၄၀ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂း၅၅ အောင်မြင်သူတို့ဘဝ (Hollywood မှကျော်ကြားသူတို့ ချစ်သက်လက်ဆောင်)
- ၁း၂၀ ထုထည်ကြီးမား ထင်ရှားဧကန်ဓမ္မရုံ
- ၁း၃၀ Shooting Location (ကီလီ ၆)
- ၁း၅၅ မြန်မာစာ၊ မြန်မာစကား
- ၂း၁၀ လှပသစ်ဆန်းအလှပြင်ခန်း (hana Beauty Saloon)
- ၂း၃၅ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့်တစ်မူထူးခြားထာပွဲများ
- ၄း၂၀ မွန်တို့မြေမှရှေးဟောင်း အမွေအနှစ်တို့တည်ရှိရာ
- ၄း၄၅ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**
**တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# AUX တံဆိပ် လေအေးပေးစက်များ ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၈**

AUX တံဆိပ်ပါ တရုတ်နိုင်ငံလုပ် လေအေးပေးစက်များကို မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် United Asia Co., Ltd. အမှတ် (၂၂၅) အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းကြား (၁၁)လမ်းထိပ် လမ်းမတော်မြို့နယ် ရန်ကုန်မှ ဖြန့်ချိခွင့်ရသည်။

အဆိုပါ လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual-Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေသည့် လေအေးပေးစက်များ ဖြစ်သည့်အပြင် အရည်အသွေးမြင့်ပစ္စည်းများကို အသုံးပြုထားရုံသာမက ဈေးနှုန်းသက်သာစွာဖြင့် ၂၀၁၀ နိုင်ငံတကာ ကုန်စည်ပစ္စည်း ဈေးရောင်းပွဲတော်(ရန်ကုန်) တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ အရောင်းပြခန်း ဖွင့်လှစ်ရောင်းချမည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး လေးနှစ်အာမခံဖြင့် ရောင်းချပေးနေသော AUX တံဆိပ် လေအေးပေးစက်များတွင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်း လျင်မြန်ခြင်း၊ အအေးခန်းဇရိယာ ပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4-Way System Air.Flow ပါရှိခြင်း၊ Japanese Branded Compressor များကို အသုံးပြုထားခြင်း၊ Japanese Branded Circuit များကို အသုံးပြုထားခြင်း၊ အရည်အသွေးမြင့် ပစ္စည်းများကို အသုံးပြုထားခြင်းကြောင့် Long Time Quality ဖြစ်ခြင်းတို့ကြောင့် ဝယ်ယူလိုပါက ဖုန်း-၀၁-၂၁၀၈၃၄၊ ၀၁-၂၁၈၀၂၁ နှင့် Fax-၀၀၉၅-၁-၂၂၈ ၃၈၄ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# အထက(၃)အလုံ အဌမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်ရီရီဌေး ဖုန်း-၆၆၀၂၈၃၊ ဒေါ်မေမေခိုင် ဖုန်း-၃၈၅၆၅၅၊ ဒေါ်သီတာရွှေ ဖုန်း-၂၁၄၄၆၉၊ ဒေါ်သန်းသန်းစိန် ဖုန်း-၂၂၅၂၂၉၊ ဒေါ်တင်တင်ကြည် ဖုန်း- ၀၉-၅၀၄၂၄ ၃၉၊ စောမိယွန်း ဖုန်း-၀၉၅၅၀၀၅၇၆ နှင့် ဒေါ်အေးသိန်း ဖုန်း-၂၄၁၉၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၈**

တပ်မတော်ဂေါက်ကွင်း မင်္ဂလာဒုံ၌ ဦးထွန်းလှိုင်သည် ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲတွင် ကစားဖော်များဖြစ်သော ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)၊ ဗိုလ်မှူးချုပ်မျိုးလှ(ငြိမ်း)၊ ဦးမြင့်ဝေ၊ ဦးလှမြင့်ဆွေတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ ကိုက် ၁၁၀ အကွာမှ SRIXON-1 ဘောလုံးကို Taylo Made A Wedge ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

# စီးပွားရေးတက္ကသိုလ် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၁၉၈၃ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်၌ စတင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M.3 စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး တက်ရောက်ခွင့်လက်မှတ်များ အတွက် တက်နေလင်းထွန်း ဖုန်း-၀၉-၅၁၃၉၁၅၀ နှင့် ၃၈၂၇၈၁၊ သိန်းဇော်(ကြာဇံ) ဖုန်း-၀၉-၅၁၂၇၃၁၃၊ ဝင်းထွဋ်အောင် ဖုန်း-၀၉-၅၀၀၀၄၀၅၊ တင်တင်စိုး ဖုန်း-၅၃၈၃၄၃နှင့် မေမျိုးဇော်ညွန့် ဖုန်း-၀၉-၅၁၁၆၁၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် " Than Lynn Estate Development Co.,Ltd (SPA/FMI Group ) " ၏ ကူညီပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) မွန်းလွဲ နှစ်နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ဟိန်းလတ်က "စာတောအလယ်မှာ" (In the Literary World ) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဂါဇာကမ်းမြောင်ဒေသ၏ပို့ကုန်များ ပိတ်ပင်မှု ရုပ်သိမ်းရန် အစ္စရေးနိုင်ငံဆုံးဖြတ်

အစ္စရေးမှ ဂါဇာဒေသတောင်ပိုင်းသို့ ဝင်ရောက်ရာ ကာရမ်ရှလုန်လမ်းပေါ်မှ ကုန်တင်ကားတစ်စီး။

ဂျေရုဆလင် ဒီဇင်ဘာ ၈

လွန်ခဲ့သော လေးနှစ်က စတင်ချမှတ်ခဲ့သော ဟားမားစ်လက်နက်ကိုင်အုပ်စု ထိန်းချုပ်သည့် ဂါဇာကမ်းမြောင်ဒေသ၏ ပို့ကုန်များတင်ပို့မှုအား ပိတ်ပင်ထားခြင်းကို တစ်စိတ်တစ်ပိုင်းပယ်ဖျက်ရန် အစ္စရေးနိုင်ငံလုံခြုံရေးဆိုင်ရာ ဝန်ကြီးအဖွဲ့က ယနေ့ မဲခွဲဆုံးဖြတ်ခဲ့ကြသည်။

ဂါဇာကမ်းမြောင်ဒေသမှ ပို့ကုန်များ ပိုမိုတင်ပို့ခွင့်ကို ခွင့်ပြုနိုင်မည့် စည်းမျဉ်းသစ်များအား အစ္စရေးလုံခြုံရေးဝန်ကြီးအဖွဲ့က ချမှတ်ဆုံးဖြတ်ခဲ့ကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ရုံးမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဟားမားစ်အုပ်စု၏ ဖိနှိပ်အုပ်ချုပ်မှုအောက်တွင် နေထိုင်နေကြရသော ဂါဇာကမ်းမြောင်ဒေသသားများ၏ ဘဝအခြေအနေကို မြှင့်တင်ပေးနိုင်ရန် ပို့ကုန်တင်ပို့မှုဆိုင်ရာ စည်းမျဉ်းသစ်များကို အစ္စရေးအစိုးရက ရည်ရွယ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယခုနှစ်မေလ ၃၁ ရက်နေ့တွင် အစ္စရေးရေတပ် အပိတ်အဆို့များကို ကျော်ဖြတ်၍ ဂါဇာကမ်းမြောင်ဒေသသို့ လာရောက် ရန် ကြိုးပမ်းသော ဂါဇာထောက်ပံ့ရေး သင်္ဘောအုပ်စုတစ်စုအား အစ္စရေးရေတပ် အထူးတပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ပြီး နောက်ပိုင်း ဂါဇာဒေသသို့ ပို့ဆောင်သော သွင်းကုန်များနှင့် ပတ်သက်၍ တင်းကျပ်မှုများကို အစ္စရေးနိုင်ငံက လျှော့ချပေးခဲ့ပြီးဖြစ်သည်။ **အေအက်ဖ်ပီ။**

# သောကြာဂြိုဟ် လေ့လာရေး ဂျပန်အာကာသယာဉ် နေဆွဲအားကို လွန်မြောက်နိုင်ခြင်းမရှိ



တိုကျို ဒီဇင်ဘာ ၈

သောကြာဂြိုဟ်သို့ ဆင်းသက်သည့် ဂျပန်အာကာသယာဉ်တစ်စင်းသည် ယင်းဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းအတွင်း ရောက်ရှိခဲ့ခြင်းမရှိဘဲ နေ၏ ဂြိုဟ်ဆွဲအားအတွင်း ဝင်ရောက်သွားခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ သတင်းများတွင် ဖော်ပြသည်။

အကာဆုကိအမည်ရှိ အဆိုပါ ဂျပန်အာကာသယာဉ် သောကြာဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့မှုမရှိခြင်းသည် ငွေကုန်ကြေးကျနည်းနည်းဖြင့် လုပ်ဆောင်ခဲ့သော ဂျပန်နိုင်ငံ၏ အာကာသအစီအစဉ်များအတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။

### စောင့်ဆိုင်းရဦးမည်

အကာဆုကိ အာကာသယာဉ်သည် သောကြာဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းအနီး ထပ်မံရောက်ရှိရန် ဂျပန်နိုင်ငံအနေဖြင့် ခြောက်နှစ်မျှ ထပ်မံစောင့်ဆိုင်းရဦးမည်ဖြစ်သည်။

အရုဏ်ဦးဟု အဓိပ္ပာယ်ဖွင့်နိုင်သော အကာဆုကိ အာကာသယာဉ်သည် ဒီဇင်ဘာ ၇ ရက်နေ့က သောကြာဂြိုဟ်သို့ ရောက်ရှိခဲ့သော်လည်း သင့်လျော်သော ဂြိုဟ်ပတ်လမ်းကို အင်ဂျင်ပိုင်းဆိုင်ရာ အခက်အခဲကြောင့် ရယူနိုင်ခြင်း မရှိခဲ့ပေ။ အမေရိကန်ဒေါ်လာ သန်း ၃၀၀ မျှတန်သော အကာဆုကိ အာကာသယာဉ်သည် သောကြာဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခြင်း မရှိခဲ့သောကြောင့် ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များ စိတ်ဓာတ်ကျခဲ့ရသည်။

သောကြာဂြိုဟ်၏ ရာသီဥတုအခြေအနေကို လေ့လာခြင်းအားဖြင့် ကမ္ဘာမြေပေါ်တွင် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့အား လေ့လာသုံးသပ်နိုင်စွမ်း ရှိလာနိုင်ဖွယ်ရှိကြောင်း ယုံကြည်ထားကြသည်။ **အေပီ။**

# အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ကန်၏ ကြိုးပမ်းမှု မအောင်မြင်

ဂျေရုစလင် ဒီဇင်ဘာ ၈

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုများ မအောင်မမြင်ဖြစ်ခဲ့ရပြီးနောက် အဆိုပါဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် အမေရိကန်အစိုးရ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ ပါလက်စတိုင်းထိပ်တန်းအာဏာပိုင်တစ်ဦးက ယနေ့တွင် မေးခွန်းထုတ်ခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများတည်ဆောက်မှု ဆိုင်းငံ့ကာလသက်တမ်းတိုးရေးအတွက် အစ္စရေးနိုင်ငံကိုဖျောင်းဖျမှုများသည် အောင်မြင်ခဲ့ခြင်းမရှိကြောင်း အမေရိကန်ပြည်ထောင်စုက ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အစ္စရေးတို့သည် ပူးပေါင်းဆောင်ရွက်၍ ရနိုင်သူများ မဟုတ်ကြောင်း ပါလက်စတိုင်းသမ္မတ၏ လက်ထောက်တစ်ဦးဖြစ်သူ ဟာဆာအဘတ်ရက်ဘိုက စွပ်စွဲခဲ့ပြီး အမေရိကန်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်း စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်နေခြင်းနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံကို တားမြစ်နိုင်ခြင်းမရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် မျှတသောအဖြေတစ်ရပ်ကို အစ္စရေးနိုင်ငံက လက်ခံလာအောင် လုပ်ဆောင်နိုင်စွမ်း ရှိ၊ မရှိ သံသယဝင်မိကြောင်း ဟာဆာအဘတ်က ပြောကြားသည်။ **အင်တာနက်။**

# ဗာရာဏသီ၌ ဗုံးပေါက်ကွဲခဲ့ပြီးနောက် အိန္ဒိယမြို့ကြီးများတွင် လုံခြုံရေးတင်းကျပ်

ဗာရာဏသီ ဒီဇင်ဘာ ၈

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဗာရာဏသီမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ မြို့ကြီးများတွင် လုံခြုံရေးတင်းကျပ်ထားသည်။ ဗာရာဏသီမြို့တွင် ဒီဇင်ဘာ ၇ရက်က ဗုံးပေါက်ကွဲမှုကြောင့် အသက်တစ်နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးခဲ့ပြီး ၃၄ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗာရာဏသီမြို့၌ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုသည် မိမိတို့၏ လက်ချက်ဖြစ်သည်ဟု စစ်သွေးကြွအုပ်စုတစ်စုဖြစ်သော အိန္ဒိယမူဂျာဟီဒင်အဖွဲ့က အင်တာနက်အီးမေးလ်မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အီးမေးလ်ကို မွမ်ဘိုင်းမြို့ ဆင်ခြေဖုံးရှိ ကွန်ပျူတာတစ်လုံးမှပေးပို့ခဲ့သည်ဟု စုံစမ်းဖော်ထုတ်တွေ့ရှိခဲ့ပြီး ရဲတပ်ဖွဲ့က လူနှစ်ဦးကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ် အထက်တန်းရဲအရာရှိ ဒီဆင်းက ပြောကြားသည်။ ဗာရာဏသီမြို့သည် ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ တည်ရှိသည်။

အိန္ဒိယပြည်ထဲရေးဝန်ကြီး ချီဒမ်ဘာရမ်သည် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာနေရာသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး ဒေသဆိုင်ရာ ရဲအရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗာရာဏသီမြို့ရှိ ဂင်္ဂါမြစ်ဆိပ်၌ ညနေခင်းဝတ်ပြုဆုတောင်းနေသော လူအုပ်အတွင်း ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများတွင် အီတလီနိုင်ငံသားနှစ်ဦးပါဝင်သည်။ **အင်တာနက်။**

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် စစ်ဆေးမှုများ ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များ။

▪ ▪ ▪ ▪

# အာကာသစခန်းတည်ဆောက်ရန် တရုတ်နိုင်ငံစီမံကိန်းချမှတ်

ပေကျင်း ဒီဇင်ဘာ ၈

တရုတ်နိုင်ငံတော် အာကာသရေးရာများ စီမံခန့်ခွဲရေးအဖွဲ့သည် အနာဂတ်ကာလသိပ္ပံစီမံကိန်းများကို ဒီဇင်ဘာ ၇ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

တရုတ်နိုင်ငံ၏ အာကာသစီမံကိန်းများအနက် အဓိကစီမံကိန်းတစ်ရပ်မှာ ၂၀၂၀ခုနှစ်ထက်နောက်မကျဘဲ ကိုယ်ပိုင်အာကာသစခန်းတစ်ခုကို တည်ဆောက်ရန်ဖြစ်သည်။

တရုတ်နိုင်ငံသည် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်တစ်စင်းကို စေလွှတ်ရန်လည်း စီမံကိန်းချမှတ်ထားသည်။ အာကာသနည်းပညာအရ တိုးတက်လျက်ရှိသော တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ် နောက်ဆုံးတွင် အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်တစ်စင်းကို လွှတ်တင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အာကာသယာဉ်လွှတ်တင်သည့်နယ်ပယ်၌ အမေရိကန်နိုင်ငံက လွှမ်းမိုးထားမှုကို ချေဖျက်နိုင်ရန် တရုတ်လူမျိုးသိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိကြသည်။

တရုတ်နိုင်ငံသည် မဝေးသောအနာဂတ်ကာလမှစ၍ နိုင်ငံတကာ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဟု မျှော်လင့်ရသည်။ တရုတ်နိုင်ငံသည် ၂၀၁၁ခုနှစ်တွင် ပထမဆုံးအကြိမ် လူလိုက်ပါခြင်းမရှိသော အာကာသစခန်း မိုဂျူးယာဉ်ကိုလွှတ်တင်နိုင်မည်ဟု မျှော်လင့်ရသည်။ **အင်တာနက်။**

# ချီလီနိုင်ငံ၌ အကျဉ်းထောင်မီးလောင်၍ အကျဉ်းသား ၈၃ ဦးသေဆုံး

ဆန်တီယာဂို ဒီဇင်ဘာ ၈

**ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တော်ရှိ အကျဉ်းထောင်တစ်ခုတွင် ဗုဒ္ဓဟူးနေ့က မီးလောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး အကျဉ်းသား ၈၃ ဦးသေဆုံး၍ အများအပြားဒဏ်ရာရခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။**

ဒဏ်ရာရသူများထဲတွင် မီးသတ်တပ်ဖွဲ့ဝင်များလည်းပါဝင်ပြီး ချီလီနိုင်ငံ၏သမိုင်းတွင် အဆိုးရွားဆုံး အကျဉ်းထောင် မီးလောင်ကျွမ်းမှုဖြစ်ကြောင်း အကျဉ်းထောင်တာဝန်ရှိသူများက ပြောကြားသည်။

မီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ အကျဉ်းသား ၈၀ ကျော်ကို ခွဲခြားအတည်ပြုနိုင်ရေး ကြိုးစားလျက်ရှိကြောင်း ချီလီနိုင်ငံ အကျဉ်းဦးစီးဌာန တာဝန်ရှိသူများက ပြောကြားသည်။ မီးလောင်ကျွမ်းမှု မည်သို့မည်ပုံစတင်ဖြစ်ပေါ်ခဲ့သည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။

ရုပ်မြင်မှတ်တမ်းများအရ ဆန်တီယာဂိုမြို့ရှိ ဆန်မီဂွယ်လ်အကျဉ်းထောင်၌ မီးတောက်များ ဖုံးလွှမ်းလျက်ရှိပြီး မီးခိုးများလည်း တလိပ်လိပ်လွင့်တက်နေသည်ကို တွေ့ရှိရသည်။

### တောင်းဆိုခဲ့

မီးလောင်ကျွမ်းမှုဖြစ်ပွားနေသော ဆန်မီဂွယ်လ်အကျဉ်းထောင်သို့ အကျဉ်းသားများ၏ မိဘဆွေမျိုးများ ရောက်ရှိလာခဲ့ပြီး ၎င်းတို့၏ဆွေမျိုးသားချင်းများကို ကယ်တင်နိုင်ရေးအတွက် အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်ခွင့်ပေးရန် အကျဉ်းထောင်တာဝန်ရှိသူများကို တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ဆန်မီဂွယ်လ်အကျဉ်းထောင် တတိယထပ်မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အကျဉ်းသား ၂၀၀ ကျော်ကို အကျဉ်းထောင်ဝင်းအတွင်းသို့ ရွှေ့ပြောင်းကယ်တင်ပေးခဲ့ရကြောင်း ရေဒီယိုအသံလွှင့်ဌာနတစ်ခုက တင်ပြသွားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ရှိ ဆန်မီဂွယ်လ် အကျဉ်းထောင် မီးလောင်ကျွမ်းနေသည်ကို ဒီဇင်ဘာ ၈ ရက်က တွေ့ရစဉ်။

## နိုင်ငံတကာသတင်းများ

# ဘဂ္ဂဒက် ကားဗုံးကွဲမှု သုံးဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်၌ ဗုဒ္ဓဟူးနေ့က စားသောက်ဆိုင်တစ်ခု၏အပြင်တွင် ကားဗုံးပေါက်ကွဲရာ သုံးဦးသေဆုံးခဲ့ပြီး လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုတစ်ရပ်ကြောင့် ရှီးယိုက်ဘာသာရေးပွဲတော်သို့ လာရောက်သော အီရန်ဘုရားဖူး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အလားတူ ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၂မိုင်ခန့်ဝေးသော တာဂျီမြို့တွင်း၌ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးပေါက်ကွဲမှုကြောင့် လူ ၁၆ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများက ပြောသည်။

အီရန်ဘုရားဖူးများ စီးနင်းလာသော ဘတ်စ်ကားသည် ဗုဒ္ဓဟူးနေ့စောစောပိုင်းတွင် ဘဂ္ဂဒက်မြို့ ဆွန်နီများနေထိုင်ရာ ဒိုရာရပ်ကွက်အတွင်း ဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးထိမှန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ အီရန်နိုင်ငံသားများသည် ဘာသာရေးမြို့တော် ကာဘာလာမှ ဘဂ္ဂဒက်မြို့သို့သွားရောက်ကြခြင်းဖြစ်သည်ဟု ဆိုသည်။

၁၀ရက်ကြာကျင်းပမည့် အက်ရှ်ရှူရာဟုခေါ်သော ဘာသာရေးပွဲတော်အတွင်း ထောင်သောင်းချီသော ရှီးယိုက်တို့သည် ကာဘာလာမြို့နှင့် အီရတ်နိုင်ငံ တစ်ဝန်းရှိ ဘာသာရေးဝတ်ကျောင်းများသို့ သွားရောက်လည်ပတ်ကြမည်ဟု မျှော်လင့်ရသည်။

အက်ရှ်ရှူရာပွဲတော်သို့ လာမည့်ရက်သတ္တပတ်နှောင်းပိုင်းတွင် ဘုရားဖူးများ အများဆုံးလာရောက်ကြမည်ဖြစ်ပြီး ယင်းဘုရားဖူးများသည် ကာဘာလာမြို့သို့ ရောက်ရှိရန် မိုင်ပေါင်းရာနှင့်ချီ၍ ခြေကျင်လျှောက်ကြမည်ဖြစ်သည်။ **အေပီ။**

**ဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက လမ်းများကိုသန့်ရှင်းရေးလုပ်နေကြစဉ်။** (ဓာတ်ပုံ - အင်တာနက်)

# အာဖဂန်တောင်ပိုင်း တိုက်ခိုက်မှုတွင် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ကဘူး ဒီဇင်ဘာ ၈

**အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ဒီဇင်ဘာ ၈ရက်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ရပ်ကြောင့် နေတိုး တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း နေတိုးအဖွဲ့ ဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြု တပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)က ပြောကြားသည်။**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ စစ်သွေးကြွများ၏တိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသည်ဟု အိုင်အက်စ်အေအက်ဖ်က ပြောကြားသော်လည်း အသေးစိတ်ပြောကြားခြင်းမရှိပေ။

တိုက်ခိုက်မှုကြောင့် သေဆုံးရသော တပ်ဖွဲ့ဝင်များသည် မည်သည့်နိုင်ငံသားများဖြစ်သည်ကိုလည်း အိုင်အက်စ်အေအက်ဖ်က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ တပ်ဖွဲ့ဝင်များ သေဆုံးရမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အာဏာပိုင်များထံ အသိပေးရခြင်းမရှိမီ သတင်းကြေညာချက်၌ အသေးစိတ်ဖော်ပြခြင်းမရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း နေတိုးတပ်ဖွဲ့ဝင်များ၏ ထိခိုက်သေဆုံးမှုအရေအတွက် သိသိသာသာ တိုးပွားလာခဲ့သည်။ ဇူလိုင်လ တစ်လတည်းမှာပင် ထိခိုက်သေဆုံးသူ တပ်ဖွဲ့ဝင် ၉၀ခန့်အထိရှိခဲ့ရာ စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် အများဆုံးသေဆုံးသည့်လ ဖြစ်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ် ယခုအချိန်အထိ နေတိုးတပ်ဖွဲ့ဝင် ၆၈၂ဦး သေဆုံးခဲ့ရသည်။ သေဆုံးသောတပ်ဖွဲ့ဝင်အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ကြသည်။ **အင်တာနက်။**

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၄၅၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၅၀၆၁ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၄၄၅၉ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၅၀၆၁ ဦး |

**အင်တာနက်။**

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ကဘူး ဒီဇင်ဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၄၈၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၆၂၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၄၈၂ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၄၀၆၂၂ ဦး |

**အင်တာနက်။**

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီး ဦးသိန်းဆွေ အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အမ်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း တည်ဆောက်မည့် သံဃာ့ဆေးရုံ ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က သံဃာ့ဆေးရုံအုတ်မြစ်နေရာများ၌ ပန္နက်တင်ကြ၍ အမွှေးနံ့သာရည်ပက်ဖျန်းကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။**

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော လူနာများကို အားပေးစကားပြောကြားကြကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် အမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ တာဝန်ရှိသူတို့က ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားကြသည်။

ထို့နောက် ကျောင်းဝင်းအတွင်း ကျောင်းဆောင်အဆောက်အအုံ အခြေအနေ၊ အတန်းလိုက် ပညာသင်ကြားနေမှု အခြေအနေများနှင့် ကျောင်းခန်းမတည်ဆောက်မည့် မြေနေရာအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးသည် အမ်းမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ၌ အရာရှိ၊ စစ်သည် ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၂ ရက်တွင် တပ်နယ်အားကစားခန်းမ တည်ဆောက်ခြင်းလုပ်ငန်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက အားကစားခန်းမအတွင်း တည်ဆောက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမ်းမြို့ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိ၍ ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# SKYNET DTH ရုပ်သံလိုင်း စတင်ထုတ်လွှင့်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

**သုတ၊ ရသကဏ္ဍစုံလင်စွာဖြင့် SKYNET DTH (Direct To Home) ရုပ်သံလိုင်းကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ထုတ်လွှင့်လျက်ရှိသည်။ SKYNET DTH ရုပ်သံလိုင်းကို တစ်နှစ်အတွက် ဂြိုဟ်တုစလောင်းဖမ်းစက်နှင့် ကတ်အပါအဝင် ဖမ်းယူကြည့်ရှုခွင့် ကျသင့်ငွေကျပ် ၁၄၂၀၀၀ ပေးသွင်းပြီးပါက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ SKYNET DTH ရုပ်သံလိုင်းတွင် Channel ၅၄ ခု ရှိသည့်အနက် ၃၈ ခုကို စတင်ထုတ်လွှင့်ပေးလျက်ရှိပြီး ကျန် Channel များကို ဆက်လက်ထုတ်လွှင့်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

SKYNET DTH ရုပ်သံလိုင်းတွင် မြန်မာအင်တာနေရှင်နယ်၊ MRTV၊ MRTV-4၊ ဘောလုံးပွဲသီးသန့် လိုင်းများ၊ နိုင်ငံတကာရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ၊ စုံထောက်ဇာတ်လမ်းတွဲများ၊ အားကစားပြိုင်ပွဲများ၊ တေးဂီတ၊ ဖက်ရှင်၊ သည်းထိတ်ရင်ဖို စွန့်စားခန်းများ၊ အလှအပရေးရာနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ၊ ကမ္ဘာ့စီးပွားရေးလောကအကြောင်း၊ ဖြစ်ပေါ်တိုးတက်နေသော သိပ္ပံနှင့် နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ၊ တောတွင်းတိရစ္ဆာန်များ၏ သဘာဝအလေ့အထများ၊ ကာတွန်းဇာတ်ကား၊ နိုင်ငံတကာမှသတင်းများ၊ မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းများ၊ ဂန္ထဝင်ရုပ်ရှင်များ၊ အာရှနိုင်ငံများမှဇာတ်လမ်းများ၊ အသိပညာ အတတ်ပညာ ဗဟုသုတများကို ကဏ္ဍစုံလင်စွာဖြင့် ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

SKYNET DTH ရုပ်သံလိုင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရှိ သာယာဝတီမြို့နှင့် လက်ပံတန်းမြို့တို့၌ SKYNET မှ ဂြိုဟ်တုဖမ်းစက်ကို အသုံးပြု၍ ကြည့်ရှုနိုင်သည်။ SKYNET မှ Internet ချိတ်ဆက်အသုံးပြုခြင်း၊ ဖုန်းပြောဆိုခြင်း၊ Fax ပို့ခြင်းနှင့် Message များ ဖတ်ခြင်းတို့ကို ဖေဖော်ဝါရီလမှစ၍ ချိတ်ဆက်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ SKYNET ကိုယ်စားလှယ်ရုံးခွဲ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ (ရီရီမြင့်-သတင်းစဉ်)

# ရန်ကုန် - တိုက်ကြီး ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက် ခုနစ်ဦးသေဆုံးပြီး လေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက်နေ သန်းထွဋ်ဦး မောင်းနှင်လာသော ရန်ကုန်-တိုက်ကြီး ခရီးသည်တင် ဟိုင်းလတ်ယာဉ်တစ်စီးသည် ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် တိုက်ကြီးမြို့နယ် အင်းယက်ကြီးကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၄၂/၇)၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်တစ်ပင်ကို ဝင်တိုက်မိပြီး တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည်များအနက် အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး သေဆုံးခဲ့ကြောင်း၊ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိပြီး ၁၅ ဦး ပွန်းပဲ့ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် တိုက်ကြီးမြို့နယ် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။

ယာဉ်မောင်းသန်းထွဋ်ဦးမှာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသဖြင့် တိုက်ကြီးရဲစခန်းက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရခြင်းနှင့် စပ်လျဉ်း၍ ရဲမှူးတစ်ဦး၊ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

**ဝေဖန်ပြောကြား**

အမြန်လမ်းမကြီးများပေါ်၌ မောင်းနှင်နေကြသည့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများမှ ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ယခုထက် ပိုမိုလိုက်နာကြရန် လိုအပ်နေသေးကြောင်း ယာဉ်မှုစစ်အရာရှိ တစ်ဦးက အဆိုပါနေရာ၌ ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဝေါမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

**ဝေါ ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ အစီအစဉ်ဖြင့် မိုးစပါး စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၇ရက်က ဝေါမြို့နယ် ကျိုက်လှကျေးရွာရှိ တောင်သူ ဒေါ်နိုင်နိုင်မော် စိုက်ပျိုးထားသည့် အင်းမရဲဘော် မိုးစပါးစံကွက်ကိုရိတ်သိမ်းရာ**(အောက်ပုံ)** တစ်ဧက ၈၆ တင်းထွက်ရှိကြောင်းသိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းသို့ ပဲခူးခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်၊ ဝေါမြို့နယ် မြေစာရင်းဦးစီးအရာရှိ ဦးခင်ဖေနှင့် မြို့နယ် မြေစာရင်းဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စာနယ်ဇင်း)

# သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

"အာရောဂျ၊ ပရမာ၊ လာဘာ" ဟူသည့် စကားအတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါးဖြစ်ပြီး ၎င်းအဖိုးထိုက်တန်၊ အမြတ်နိုးဆုံးဖြစ်သည့် "ကျန်းမာခြင်း"လာဘ်ကို ရယူနိုင်ရေးအတွက် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက်၊ အလေ့အကျင့်၊ အပြုအမူများ လိုအပ်ပါသည်။ ယင်းသို့ ကျန်းမာရေးနှင့်ပြည့်စုံကာ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများနှင့် စပ်လျဉ်းပြီး မျှတသောအစာကို စားသောက်ခြင်း၊ ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်လေ့ရှိခြင်း၊ မိမိဝမ်းမီးနှင့် သင့်လျော်သော အာဟာရကို စားသောက်ခြင်း၊ သီလဖြစ်စေ၊ ဥပုသ်သီလဖြစ်စေစောင့်ထိန်းခြင်း၊ မိမိအကျိုးကို ဆောင်တတ်ကုန်သော မိတ်ကောင်းဆွေမွန်ရှိခြင်း၊ အချိန်ကာလဒေသကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း၊ မမြတ်သောကာမဂုဏ်၊ မေထုန်အမှုတို့မှရှောင်ကြဉ်ခြင်း စသည့်အချက်တို့ကို မှတ်သားဖူးပါသည်။

အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများတွင်ပါဝင်သည့် ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်ခြင်းနှင့်စပ်လျဉ်း၍ **သဗ္ဗရောဂါနံ့အာဇိဏ္ဏကံ** ဟု ဆိုရိုးရှိပါသည်။ ရောဂါအားလုံး၏ဇာစ်မြစ်သည် အစာမကြေခြင်းက စတင်သည်ဟု အဓိပ္ပာယ်ရပါသည်။ ယင်းသို့အစာကြေရန်အတွက် အစာကိုကြေညက်အောင် ဝါးစားရန်လိုအပ်သကဲ့သို့ စနစ်တကျ အချိန်မှန်မှန်လမ်းလျှောက်တတ်သည့် အလေ့အကျင့်ပြုလုပ်ပေးရန်လည်း လိုအပ်ပါသည်။

အနာရောဂါများ အလွယ်တကူ မဝင်ရောက်စေရန်၊ ကျန်းမာသန်စွမ်းစေရန်၊ အနာကင်း၍ အသက်ရှည်စေရန် ဆောင်ရွက်ဖွယ်များစွာရှိသည့်အနက် အထူးအရေးပါသည့်အချက်မှာ နေ့စဉ်အချိန်မှန် လမ်းလျှောက်သည့် အလေ့အကျင့်ပင်ဖြစ်ပေ၏။ အဆိုပါလမ်းလျှောက်ခြင်းကို တာဝန်ဝတ္တရားတစ်ရပ်အဖြစ်မှတ်ယူကာ သတိထားလျက် စနစ်တကျ အချိန်မှန် မပျက်မကွက် ပြုလုပ်သင့်၏။ ယနေ့ခေတ်အခါ ကမ္ဘာတစ်ဝန်းလုံး စက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ လူနေမှုဘဝဟန်ပန်များ ပြောင်းလဲလာခြင်းကြောင့် လမ်းလျှောက်ခြင်းဖြင့် အချိန်ကုန်မခံဘဲ မော်တော်ကား၊ မီးရထား၊ မော်တော်ဆိုင်ကယ် အစရှိသည့် ယာဉ်မျိုးစုံကို အသုံးပြုလာခြင်းကြောင့် ဣရိယာပုတ်မျှတခြင်းမရှိဘဲ ရောဂါဘယထူပြောလာကြ၏။ သို့ရာတွင် ကျေးလက်ဒေသ နေထိုင်သူအများစုမှာ မိမိတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ထင်းခွေခြင်း၊ ရေခပ်ခြင်းစသည့် နိစ္စဓူဝလုပ်ငန်းများ မပျက်မကွက်ဆောင်ရွက်ကြ၏။ ညနေစောင်းတွင် ခြင်းခတ်ခြင်း၊ ဘောလုံးကန်ခြင်းစသည့် ကိုယ်လက်လှုပ်ရှား အားကစားနည်းများမှ တစ်မျိုးမျိုးကိုလည်း ကစားလေ့ရှိ၏။ လယ်ထွန်ရာ၌ လည်းကောင်း၊ ကောက်စိုက်ပျိုးနုတ်ရာ၌ လည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်သို့ နံနက်-နေ့-ညနေ နေ့ညမဟူ လမ်းလျှောက်သွားလေ့ရှိ၏။ သို့ဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အထကောင်းများ ရှိသည်ဟု ဆိုနိုင်၏။

မြန်မာ့တိုင်းရင်းဆေးပညာတွင် မူလအကြောင်းတရားလေးပါး၊ သမုဋ္ဌာန်လေးပါး ဖြစ်ကြသော-

(၁) ကံ (စေတနာဟု ဆိုအပ်သော သင်္ခါရ)

(၂) စိတ် (ရုပ်ကို ဖြစ်စေတတ်သော နာမ်တရား)

(၃) ဥတု (ပူမှု၊ အေးမှုဟု ဆိုအပ်သော တေဇောဓာတ်)

(၄) အာဟာရ (အဆီအစေး၊ အနှစ်ဟုဆိုအပ်သော ဩဇာ) စသည်တို့သည် များစွာအရေးပါလှပါသည်။

လူသားတို့သည် ထ-ထိုင်-လျောင်း-သွား ဟူသည့် ဣရိယာပုတ်လေးပါးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရလေ၏။ ကျန်းမာရေးဂရုစိုက်သောသူသည် ဖော်ပြပါ ဣရိယာပုတ်လေးပါးအား ညီညွတ်မျှတအောင် ဆောင်ရွက်ရာ၏။ တစ်ချိန်လုံး မတ်တတ်ရပ်လျက် အနေအထားဖြင့်သော်လည်းကောင်း၊ နေ့ညမနားဘဲ ထိုင်၍ အလုပ်လုပ်ခြင်းသည်လည်းကောင်း၊ အိပ်ရာခုတင်ပေါ်တွင် လူမမာကဲ့သို့ တစ်ချိန်လုံး အိပ်စက်နေခြင်းသည် လည်းကောင်း၊ မနားတမ်းလမ်းလျှောက်နေခြင်းသည် လည်းကောင်း ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးကို ရရှိခံစားနိုင်မည်မဟုတ်ချေ။ အလုပ်လုပ်ချိန်လုပ်၊ နားချိန်နား၊ စားချိန်စား၊ ကိုယ်လက်လှုပ်ရှားအားကစား လုပ်ချိန်လုပ်မှသာလျှင် စိတ်ဖိစီးမှုလျော့နည်းကာ မိမိ၏ကျန်းမာရေးကို မိမိကိုယ်တိုင် စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ စိတ်ဖိစီးမှုမရှိစေရေး၊ သောကကင်းဝေးရေး၊ စိတ်ချမ်းသာရေးမှာလည်း များစွာအရေးပါ၏။ ကမ္ဘာပေါ်တွင် ကိုယ်ခန္ဓာတွင်ဖြစ်သော အနာရောဂါထက် စိတ်တွင်ဖြစ်သော၊ စိတ်ကြောင့် ဖြစ်သောရောဂါများမှာ ပိုမို၍ များပြားကြောင်း သုတေသနပြုလုပ်ချက်များက ဖော်ပြလျက်ရှိ၏။ ဥတုနှင့် အာဟာရသည် ကျန်းမာရေးအတွက် ကမ္မ(ကံ)နှင့် စိတ်တို့ကဲ့သို့ လွန်စွာအရေးပါ၏။ ဥတုဖောက်ပြန်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲကာ သက်ရှိတို့၏ ကျန်းမာရေးကို ကမောက်ကမဖြစ်စေနိုင်၏။ မြန်မာ့တိုင်းရင်းဆေးပညာအရ ပြင်ပပတ်ဝန်းကျင်ရှိ ဥတုကဲ့သို့ ခန္ဓာကိုယ်အတွင်းရှိ ပူခြင်း-အေးခြင်းသဘော (တေဇောဓာတ်) သည် အထူးအရေးပါလှ၏။ ဓာတ်ကြီးလေးပါးတွင် အကြောင်းဓာတ်ဖြစ်သော တေဇောဓာတ် ညီညွတ်မျှတမှန်ကန်မှသာ ကျန်ဓာတ်များ လွန်ခြင်း၊ အားနည်းခြင်း၊ ပျက်စီးခြင်းတို့ကင်းဝေးလျက် ကျန်းမာရေးသုခ ရရှိခံစားနိုင်မည်ဖြစ်ပါ၏။ ထို့ပြင် သက်ရှိတို့သည် အစာအာဟာရဖြင့်သာ အသက်ရှင်ရပ်တည်နေကြရ၍ အစာအာဟာရကို မျှတအောင်မှီဝဲရန် များစွာအရေးကြီး၏။

## တင်ထွင့် (အစိုးရတိုင်းရင်းဆေး)

အဆီပို၍ အဝလွန်နေသူများ၊ သွေးတိုး-လေဖြတ်သူများ၊ ဆီးချို၊ သွေးချိုရောဂါရှင်များ ကျေးလက်ဒေသတွင် မရှိသလောက်နည်းပါးလှကြောင်း တွေ့ရလေ၏။ မြို့ပြဒေသများတွင် ဣရိယာပုတ်လေးပါးအနက် ထိုင်ခြင်း၊ အိပ်ခြင်း ဣရိယာပုတ်သည် ထခြင်း၊ သွားခြင်း (လမ်းလျှောက်ခြင်း)ထက် ပို၍များနေသဖြင့် ဆီး-ဝမ်း-လေ ဖောက်ပြန်ကာ သွေးလေမညီညွတ်တော့ဘဲ အနာရောဂါများ ထူပြောလာခြင်းဖြစ်လေ၏။ ယခုအခါတွင်မူ မိမိတို့၏ ကျန်းမာရေးကို ယခင်ကာလများထက် ပိုမိုဂရုစိုက်လာကြပြီဖြစ်၍ လမ်းလျှောက်ခြင်း (Walking) သို့မဟုတ် အနှေးပြေးခြင်း (Jogging)ကို တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီခန့်အထိ အချိန်ပေး၍ ပြုလုပ်လာကြကြောင်းတွေ့ရ၏။ အချို့မှာ ကြိုးခုန်၏။ အချို့မှာ ခြင်းခတ်၏။ အချို့မှာမူ ရေကူး၏။ အချို့မှာမူ နံနက်သာမက ညနေပိုင်းတွင်ပါ ကိုယ်လက်လှုပ်ရှားပြုလုပ်ကြ၏။ ယင်းသို့ပြုလုပ်ခြင်းဖြင့် အကြောပြေစေခြင်း၊ အကြောအခြင်များသန်စွမ်းစေခြင်း၊ စိတ်ကြည်လင်စေခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ရ၍ အဆုတ်နှင့်နှလုံးကျန်းမာရေးကောင်းမွန်ခြင်း၊ ကြွက်သားများသန်စွမ်းခြင်း၊ အစာကြေညက်စေခြင်း၊ သွေးလှည့်ပတ်မှုမှန်ကန်စေသဖြင့် ဆီး-ဝမ်း-သွေး-လေ ညီညွတ်မျှတစေခြင်း၊ ဓာတ်ကြီးလေးပါးမျှတစေခြင်း၊ ကိုယ်ခံစွမ်းအား တိုးတက်စေခြင်းစသည့် အကျိုးတရားတို့ကို ခံစားရရှိနိုင်၏။

ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုခြင်းတို့သည် **ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ** အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိသူများသည် သာမန်လူများထက် အမောအပန်းခံနိုင်ခြင်း၊ သက်လုံကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံပြီး သွေးလည်ပတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ နှလုံးကြွက်သားများ သန်မာလျက် ခန္ဓာကိုယ်တွင်း ပိုလျှံနေသည့် အဆီများကိုလည်း ဖယ်ရှားပေးနိုင်စွမ်းရှိပေသည်။

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတွင် **လမ်းလျှောက်ခြင်း**သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ လမ်းလျှောက်ခြင်း(တစ်နည်း စင်္ကြံလျှောက်ခြင်း) နှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးငါးပါးရှိကြောင်း ရှေးစာပေများတွင် **ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေကျက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏ စင်္ကြံအကျိုးတည်း** ဟု မှတ်သားလိုက်နာစရာ လင်္ကာဖွဲ့ဆိုထားပါသည်။

လေကောင်းလေသန့် ရရှိနိုင်မည့် နေရာများသို့ဖြတ်သန်း၍ နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာအညောင်းအညာကိုပြေစေပြီး ခန္ဓာကိုယ် ဣရိယာပုတ်ကိုလည်းမျှတစေပါသည်။ လမ်းလျှောက်စဉ် အသက်ကိုဝအောင်ရှူရန် လိုအပ်လှပါသည်။ ပထမဦးစွာ လမ်းလျှောက်စကာလတွင် မိမိ၏အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး မိမိလျှောက်နိုင်သည့် အတိုင်းအတာဖြင့် ခရီးအကွာအဝေးတိုတောင်းစွာလျှောက်၍ တဖြည်းဖြည်း ခရီးအကွာအဝေးကို တိုးမြှင့်လျှောက်ပေးရန်ဖြစ်ပါသည်။ လမ်းလျှောက်ရမည့် အကွာအဝေးအနေဖြင့် ပုံသေသတ်မှတ်ထားခြင်းမရှိပါ။ လူတစ်ဦးချင်းစီ၏ လိုအပ်မှုအနေအထား၊ အသက်အရွယ်အလိုက်သာမူတည်ပြီး သင့်လျော်မည့် ခရီးအကွာအဝေးကို နေ့စဉ်မှန်မှန် လျှောက်ရန်သာ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်းအပေါ် သုတေသီများ၏ သုတေသနပြုချက်အရ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ တစ်နာရီလျှင် သုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်း မပြုလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှုရာခိုင်နှုန်း ၃၀ လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ တစ်ပတ်လျှင် သုံးနာရီထက်အချိန်ပို၍ လျှောက်မည်ဆိုပါက ယင်းအန္တရာယ်မှ နောက်ထပ် ငါးရာခိုင်နှုန်းလျော့ကျသွားနိုင်ကြောင်း သိရပါသည်။

လမ်းလျှောက်သည့်အမြန်နှုန်းကိုလည်း အလေးထားဂရုပြုရန် လိုအပ်ပါသည်။ သက်သောင့်သက်သာ အနေအထားဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက် လျော့နည်းလျှောက်ပါက နှလုံးထိခိုက်မှု အန္တရာယ်မှ ၂၅ရာခိုင်နှုန်း လျော့နည်းပြီး အကယ်၍ သုံးမိုင်နှုန်း သို့မဟုတ် ထိုနှုန်းထက်ပိုလျှောက်မည်ဆိုပါက အန္တရာယ်မှ ၃၆ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း လေ့လာသိရှိရပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများအနေဖြင့် သွေးတိုးကိုကျစေခြင်း၊ နှလုံးရောဂါကိုကာကွယ်နိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းစေခြင်း၊ အရိုးအဆစ်များကြံ့ခိုင်သန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်၏အလေးချိန်ကို (အဝမလွန်ကဲအောင်) ထိန်းသိမ်းထားနိုင်ခြင်း၊ ကြွက်သားများသန်မာပြီး သွေးကြော၊ လေကြောပွင့်၍ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သွေးအတွင်းမှ သကြားဓာတ်ကျစေခြင်း၊ အသက်အရွယ်မရွေး၊ လူတန်းစားမရွေးဆောင်ရွက်နိုင်ခြင်း စသည်တို့ဖြစ်ကြပါသည်။

ထို့ပြင် လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းဖြစ်သည့်အားလျော်စွာ နှလုံးစွမ်းအားနှင့် အဆုတ်စွမ်းအားတို့ကို တိုးပွားစေနိုင်ခြင်း၊ ကင်ဆာအဖုအကျိတ်(ဥပမာ-အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာစသည်) ရောဂါများဖြစ်ပွားနှုန်းကို လျော့နည်းစေခြင်း၊ အကြောအခြင် နာကျင်မှုသက်သာစေခြင်း၊ စိတ်ဖိစီးမှုလျော့နည်းစေခြင်းနှင့် စိုးရိမ်သောကကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ယခုအချိန် ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စကာလ ချမ်းအေးသည့်ရာသီတွင် ကျရောက်သည့် ဒီဇင်ဘာလတွင် တစ်မျိုးသားလုံးကြံ့ခိုင်ရေးအတွက် အားကစားသီတင်းပတ်များအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများကို အားကစားဝန်ကြီးဌာနမှ ဦးဆောင်ဆင်နွှဲကျင်းပလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်နှင့် ကျေးရွာများပါမကျန် **စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့** ဟူသော ကျန်းမာရေးဆိုင်ရာနှိုးဆော်ချက်၊ **ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်၊ ကိုယ်လက်လှုပ်ရှား အားကစား** ဟူသော ဆောင်ပုဒ်တို့နှင့်အညီ ပြည်သူများတပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်မှာ အားရဖွယ် တွေ့မြင်ရပါသည်။

သို့ဖြစ်ရာ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး လှုပ်ရှားနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်သည်သာမက ငွေကုန်ကြေးကျ အသက်သာဆုံးနှင့် အကောင်းဆုံး ကျန်းမာရေးလေ့ကျင့်ခန်းလည်းဖြစ်သည့် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာရေးပြည့်စုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းအတွက်သာမက နိုင်ငံတော်အကျိုးစီးပွားများ ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်သည်နှင့်အညီ **သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြပါစို့**ဟူသော ဆောင်ပုဒ်နှင့်အညီ ဆင်နွှဲလျက်ရှိသော ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲသင့်ကြပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၈ ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မထက်ထက်လင်းလှိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၇)

## ရေစကြိုမြို့နယ် ဗလဗကျေးရွာ အထက တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

နှစ်စဉ် ကျင်းပလျက်ရှိသော ရေစကြိုမြို့နယ် ဗလဗကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ဂါရဝပြုကြရန် နှိုးဆော်ထားသည်။

အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၉-၄၇၂၀၉၀၁၆၊ ရန်ကုန်မြို့၌ ခင်မောင်ဇင် ဖုန်း-၇၀၅၆၂၃၊ ရှင်မတောင်စာပေ ဖုန်း-၃၈၆၆၁၇၊ မန္တလေးမြို့၌ သိန်းဆန်းကြည် ဖုန်း-၀၉-၂၀၁၉၉၈၆၊ ခင်မောင်ရင် ဖုန်း-၀၉-၆၈၀၂၃၃၁၊ ခိုင်မင်း ဖုန်း-၀၉-၂၀၁၅၅၁၄၊ ရေတာရှည်မြို့၌ လရောင် ဖုန်း-၀၅၄၈၀၂၀၉၊ မြင်းခြံမြို့၌ တင်မောင်ဝင်း ဖုန်း-၀၉-၄၇၁၂၅၆၃၄၊ ကျော်နိုင်မြင့် ဖုန်း-၀၉-၂၂၁၂၅၁၄၊ ပခုက္ကူမြို့၌ ဇော်မြင့် ဖုန်း-၀၉-၆၅၇၁၀၂၀၊ အေးကို ဖုန်း-၀၉-၂၃၀၁၆၈၄၊ စိန်လွင် ဖုန်း-၀၉-၂၃၀၀၆၇၈ နှင့် အောင်ကျော်ဆင့် ဖုန်း-၀၉-၂၃၀၂၂၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျောက်ပန်းတောင်း လမ်းဘေး အုတ်ရေမြောင်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

❍ ကျောဖုံးမှ

ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်တင်ငွေနှင့် တိုင်းမှူးတို့က လိုအပ်သည်များ မှာကြား၍ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၂)ရှိ မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၁)ရှိ ဥစားကြက်ခြံနှင့် မုန်လာဥစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၁)ရှိ ဥစားကြက်ခြံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# အထက(၃)မြောက်ဥက္ကလာပ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ယင်းကျောင်းရှိ မြကန်သာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများ ကျောင်းအုပ်ဆရာကြီး ဦးသိန်းညွန့် ဖုန်း-၀၁-၆၉၉၁၉၀၊ ဦးသန်းဝင်း ဖုန်း-၀၁-၆၉၁၂၅၁၊ ဦးဇော်သန့် ဖုန်း-၀၉-၅၁၅၁၄၆၆၊ ဦးကျော်တင့် ဖုန်း- ၀၉-၅၁၀၅၅၉၄နှင့် ဦးမြတ်သူ ဖုန်း-၀၁-၇၃၀၂၈၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

❖ လူငယ်များမှ

ခံရသည့် စာအုပ်မှာ “ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ” ဖြစ်ပြီး သုတပဒေသာ(ဝိဇ္ဇာ)ဆု ဘာသာရပ်ဖြင့် ရွေးချယ်ခံရခြင်းဖြစ်သည်။ နိုင်ငံတော်က ချီးမြှင့်သည့် အမျိုးသားစာပေဆုကို ယခုအကြိမ် ရရှိခြင်းသည် ပဉ္စမမြောက်ရရှိခြင်းလည်း ဖြစ်သည်။

ယခုရွေးချယ်ခံရသည့် စာပေသည် ရှေးခေတ်(ကုန်းဘောင်ခေတ်)ကာလက ပြည်သူတို့ထမ်းဆောင်ရသည့် အခွန်တော်ရေးရာအကြောင်းကို ရေးသားဖော်ညွှန်းထားခြင်းဖြစ်သည်။ ထိုခေတ်ထိုအချိန်က ပြည်သူတို့ အခွန်ထမ်းရခြင်းနှင့်ပတ်သက်ပြီး တိုင်းတစ်ပါးက သမိုင်းပညာရှင်တို့၏ လွဲမှားသောရေးသားချက်ကို ပြန်လည်ချေဖျက်သည့် အနေဖြင့် ရေးခြင်းဖြစ်သည်။

“နိုင်ငံခြားသမိုင်းပညာရှင်အချို့က ဘယ်လိုရေးသလဲဆိုတော့ အောက်မြန်မာပြည် အင်္ဂလိပ်လက်အောက် ရောက်သွားချိန် အဲဒီအချိန်မှာ အောက်မြန်မာပြည်က နည်းနည်းအနေအစား ချောင်ပြီး အထက်မှာနေသူတွေက ကျပ်တည်းတယ်။ အခွန်အတုတ်အလွန်ကြီးလေးတယ်ဆိုပြီး အောက်ဘက်ကို ဆင်းသွားကြတယ်ဆိုပြီး ပြောကြ၊ ရေးကြတယ်။ အဲဒါ မဟုတ်တဲ့အကြောင်း ဖြေရှင်းချက်ပေးချင်တဲ့စိတ်နဲ့ ရေးဖြစ်ခဲ့တာဖြစ်ပါတယ်”ဟု ဆရာမကြီး ဒေါ်ကြန်က ယခု စာအုပ်ရေးဖြစ်ခဲ့ပုံကို ရှင်းပြသည်။

ထိုသမိုင်းပညာရှင်တို့၏ မှားယွင်းသည့် ပြောဆိုရေးသားချက်များကို နှောင်းလူတို့ အမှတ်မှား၊ အထင်မှားစေနိုင်သည့်အတွက်၊ နှောင်းလူတို့ ဖြစ်ရပ်မှန်ကို သိရှိစေလိုခြင်း စေတနာဖြင့် ဖော်ထုတ်ရေးသားခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းစာအုပ်၌ ကုန်းဘောင်ခေတ်က ကောက်ခံခဲ့သည့် အခွန်အတုတ်တို့သည် တရားမျှတစွာကောက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ စည်းမဲ့ကမ်းမဲ့ ကောက်ခံထားခြင်းမျိုး မဟုတ်ကြောင်းကို သမိုင်းအချက်အလက်တို့ဖြင့် ထောက်ပြရေးသားထားသည်။

သမိုင်းစာပေကို ရေးသားရခြင်းနှင့်ပတ်သက်၍ ဆရာမကြီးက “မျိုးဆက်သစ်တွေအနေနဲ့ ကိုယ့်သမိုင်းကို ကျကျနန သေသေချာချာ သိစေချင်တယ်။ အဲဒီစေတနာနဲ့ ကျွန်မတို့က သမိုင်းစာပေကို ရေးတာပါ”ဟု ဖွင့်ဆိုရှင်းပြသည်။

ယနေ့ခေတ်လူငယ်များ သမိုင်းစာပေအပေါ်ထားရှိသည့် စိတ်သဘောထားနှင့် ပတ်သက်၍လည်း “သမိုင်းကိုဖတ်ရင် ပျင်းစရာကြီး၊ စိတ်မဝင်စားဘူးဆိုတဲ့ ကလေးတွေရဲ့စကားကို ကြားရတော့ စိတ်မကောင်းဘူး။ ကိုယ့်သမိုင်းကိုတော့ သိဖို့လိုတယ်။ သမိုင်းကိုသင်တာက မအောင်လို့ ဆိုပြီး ဆရာကြီး ဒေါက်တာသန်းထွန်း ကလည်း ပြောခဲ့တာရှိတယ်”ဟု ပြော သည်။

မျိုးဆက်သစ် လူငယ်များအနေဖြင့် ယခုအချိန်သည် သိပ္ပံခေတ်၊ အင်တာနက်ခေတ် ဖြစ်နေသည့်အတွက် ရှေ့ကိုတိုး၍သာသွားနေကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းမှာ မှန်သော်လည်း နောက်တွင်ဟာသွားသည်များရှိနေကြောင်း။ ယခုလိုတိုးတက်နေသည့် ခေတ်ထဲတွင် လူငယ်များအနေဖြင့် ကိုယ့်နိုင်ငံသမိုင်းကြောင်းကို သေသေချာချာ သိရှိနေရန် လုပ်ဆောင်သင့်ကြောင်း၊ သို့မှသာ သူများပြောသည်ကို အဟုတ်ထင်၊ သူများရေးသည့်သမိုင်းကို အမှန်ထင်ခြင်းတို့မှ ကင်းဝေးစေပြီး ကိုယ်တိုင်သမိုင်းကို သိရှိထားသူအတွက် လွဲမှားသည့်သမိုင်းကို အမှန်ပြင်နိုင်၊ မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဖြတ်သန်းလာသည့် သမိုင်းတစ်လျှောက်ကို သိရှိထားခြင်းဖြင့် အတိတ်က မှားယွင်းခဲ့သည့် အမှားအယွင်းမျိုးကို လည်း မလုပ်ဆောင်မိစေရန် ရှောင်ကြဉ်ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် ၎င်းက ပြောကြားသည်။

ဆက်လက်၍ စာပေများ ရေးသားခြင်းနှင့်ပတ်သက်၍ မေးမြန်းဖြစ်ခဲ့ရာ “နောင်မှာလည်း ရေးနိုင်သရွေ့တော့ ကြိုးစားပြီးရေးသွားမယ်။ ကျန်းမာရေးကလည်း ဂရုစိုက်နေရတယ်။ ရေးနိုင်နေသေးသရွေ့ကတော့ ရေးနေဦးမှာပါ”ဟု ပြောသည်။

ယခုကဲ့သို့ အမျိုးသားစာပေဆုများ ပေးအပ်ခြင်းသည် မျိုးဆက်သစ်လူငယ်များ ပညာရည်ပြည့်ဝစေရန် အဓိကလိုအပ်သည့်စာပေများ ဖြစ်ထွန်းတိုးတက်ပေါ်ပေါက်လာစေရန်အတွက် တစ်ဖက်တစ်လမ်းမှ ထောက်ကူပေးလျက်ရှိကြောင်း၊ စာရေးသူများအနေဖြင့်လည်း နိုင်ငံတော်က ချီးမြှင့်ပေးသည့်ဆုကို ရရှိခြင်းဖြင့် စာပေရေးသားရာတွင် အားတစ်ခုဖြစ်ပေါ်စေပြီး စာကောင်းပေမွန်များ တိုးပွားထွက်ပေါ်လာစေကြောင်း၊ ထို့ကြောင့် ယခုဆုကို စီစဉ်ပေးအပ်သည့် နိုင်ငံတော်အား အထူးပင် ကျေးဇူးတင်ကြောင်းဖြင့် ဆရာမကြီး ဒေါ်ကြန်က ကြေးမုံသတင်းအဖွဲ့၏ တွေ့ဆုံမေးမြန်းချက်များကို ပြန်လည်ဖြေကြားရာတွင် နိဂုံးချုပ်အနေဖြင့် ပြောကြားသွားသည်။

စာရေးဆရာမကြီး ဒေါ်ကြန်ကို ၁၉၁၉ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် သံတွဲမြို့၌ မွေးဖွားခဲ့သည်။ စာပေရေးသားခဲ့သည့်တစ်လျှောက် ယနေ့အထိ အမျိုးသားစာပေ တစ်သက်တာဆုတစ်ဆု၊ အမျိုးသားစာပေဆု ငါးဆုနှင့် အခြားစာပေဆိုင်ရာ ဆုများကိုလည်း ရရှိခဲ့သည်။ ဆရာမကြီး သည် ယခုလက်ရှိတွင် တိုက် (၅) အခန်း (၂၀၂) ရတနာမွန်လမ်း (၄) ရပ်ကွက် လှိုင်မြို့နယ်တွင် နေထိုင်လျက်ရှိသည်။

## ဝန်ထမ်းတွေနဲ့ မြန်မာ့သစ်လုပ်ငန်းကို တစ်စုံတစ်ရာအကျိုးပြုမယ်ဆိုရင် ဝမ်းမြောက်

“သစ်နည်းပညာအခြေခံ” စာအုပ်ဖြင့် သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် အမျိုးသားစာပေဆုရရှိသူ ဦးတင်မောင်ဆွေ(ဖိုးဆွေသစ်လုပ်ငန်း)သည် အငြိမ်းစား သစ်တောဝန်ထမ်း တစ်ဦးဖြစ်သည်။ မြန်မာပြည်အလယ်ပိုင်း မြင်းခြံမြို့၌ ဖခင်စက်ရှင်တရားသူကြီး ဦးဖိုးဆွေနှင့် မိခင် ဒေါ်အေးမြင့်ဆွေတို့က ၁၉၄၀ ခုနှစ် ဇူလိုင် ၇ ရက်နေ့၌ မွေးဖွားခဲ့သည်။ ယခုနေထိုင်လျက်ရှိသည့် ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံလမ်းနေအိမ်၌ ဆရာ့ကို သွားရောက်တွေ့ဆုံရာ ဆရာက သူ၏ သစ်လောကသို့ ရောက်လာရပုံနှင့် ဤသစ်အကြောင်းစာအုပ်ဖြစ်လာရပုံကို ပြောပြသည်။

“ကျွန်တော် ၁၉၅၆ ခုနှစ်မှာ မက်ထရစ်အောင်ပြီးတော့ အင်ဂျင်နီယာ တက္ကသိုလ်တက်ပါတယ်။ စာမေးပွဲနှစ်နှစ်ကျတော့ စာပေနယ်မှာ အခြေချဖို့စိတ်ကူးပါတယ်။ မိဘတွေက သဘောမတူလို့ ကျောင်းပြန်တက်ပါတယ်။ စာပေနယ်ခြေချမယ်ဆိုတာက အဲဒီအချိန်က စုံထောက်မဂ္ဂဇင်းမှာ ဆောင်းပါးနှစ်ပုဒ်နဲ့ ကဗျာနှစ်ပုဒ် ပါဖူးပါတယ်၊ ၁၉၆၂ ခုနှစ်မှာ သစ်တောက ဘွဲ့ရတွေကို အလုပ်ခေါ်ပါတယ်။ သစ်တောဘွဲ့မှ မဟုတ်ဘူး၊ ဘွဲ့အားလုံးပဲ၊ ကျွန်တော်လည်း သစ်ပင်အကြောင်း၊ သစ်အကြောင်း ဘာမှမသိဘဲ သစ်တောဌာနရောက်သွားပါတယ်။

“၁၉၆၄ ခုနှစ်မှာ ကျွန်တော်တို့ကို သစ်တိုင်းတဲ့ခေါက်ပေတံတစ်ချောင်း၊ သစ်လုံးထိုးကြည့်တဲ့ စူးတစ်ချောင်း၊ သစ်တန်တွက်တဲ့ စာအုပ်တစ်အုပ်၊ အဲဒီပစ္စည်းသုံးမျိုးပေးပြီး မြန်မာပြည်အနှံ့ တာဝန်ပေးစေလွှတ်ပါတယ်။ ၁၉၇၂ ခုနှစ်ကျတော့ ဂျာမနီကို ၁၆ လကြာ သစ်ပညာသင်ဖို့စေလွှတ်တာခံရပါတယ်။ ကျွန်တော် လက်တွေ့ဆည်းပူးရတဲ့ ပညာ၊ ဆရာသမားတွေသင်ကြားပြသခဲ့တဲ့ ပညာ၊ ဒါတွေကို နောင်လာနောက်သား ဝန်ထမ်းတွေ၊ သစ်နဲ့စီးပွားရေး လုပ်ကြတဲ့သူတွေ၊ စိတ်ဝင်စားသူတွေ အားလုံးအတွက်ပေါ့လေ။ ကျွန်တော် စီးပွားကူးသန်းဂျာနယ်မှာ သစ်အကြောင်း ဆောင်းပါးတွေရေးပါတယ်။ ဒီလောက်နဲ့ ကျေနပ်ဖွယ်ရာ မဟုတ်သေးဘူးဆိုပြီး ရေးလိုက်တာ စာအုပ်တစ်အုပ် ထုတ်နိုင်တဲ့အဆင့် ရောက်လာတယ်။ ဒါပေမယ့် ဒီစာမူကို စာအုပ်အသွင်ပြောင်းဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။ ဒါနဲ့ မြန်မာ့သစ်လုပ်ငန်းက ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းကို သွားပြပါတယ်။ အမ်(မ်)ဒီက ဒါလိုအပ်တယ်ဆိုပြီး ကူညီလိုက်လို့စာအုပ်ဖြစ်သွားခဲ့တာပါ။ ကျွန်တော် အမ်(မ်)ဒီကို ကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ပေါ့လေ။ ဝန်ထမ်းတွေနဲ့ မြန်မာ့သစ်လုပ်ငန်းကို တစ်စုံတစ်ရာ အကျိုးပြုမယ်ဆိုရင် ကျွန်တော်ဝမ်းမြောက်လှပါပြီ၊ ဆက်ပြီးတော့လည်း သစ်အကြောင်း ရေးနေဦးမှာပါ။

သစ်နည်းပညာအခြေခံစာအုပ်ဖြင့် အမျိုးသားစာပေဆုရသူ ဆရာဖိုးဆွေ ရှင်းလင်းပြောကြားစဉ်။

“နောက်တစ်ခုက ကျွန်တော့်မိဘနှစ်ပါးကို ဒီဆုရတာ ပြချင်လိုက်တာဗျာ၊ ကျွန်တော်စာရေးမယ်ဆိုတုန်းက အဖေ၊ အမေတို့က ကျောင်းဆက်တက်ခိုင်းခဲ့တာ၊ ကျွန်တော့်ကလောင်နာမည်ကိုတောင် အဖေ့နာမည် “ဖိုးဆွေ”ကို ယူထားတာ။ ထပ်ပြောချင်သေးတာက ဒီစာအုပ်ရေးတဲ့အခါတုန်းက မြန်မာ့သစ်လုပ်ငန်း စာကြည့်တိုက်က အထောက်အကူ အများကြီးရခဲ့တာ၊ ဒါလေးကိုလည်း ဆက်လက်ရှင်သန်စေချင်ပါတယ်လို့ ပြောပါရစေ”ဟု ပြောကြားသည်။

## ဘဝသရုပ်ဖော် အကျိုးပြုစာပေများ ရေးသားသွားမည်

ဘဝသရုပ်ဖော် အကျိုးပြုစာပေများ ဆက်လက်ရေးသားဦးမည့် ဆရာမောင်ခြိမ့် ရှင်းလင်းပြောကြားစဉ်။

၂၀၀၉ခုနှစ်အတွက် “တံငါအသည်းမာရဲသလားဟေ့နှင့် အခြားဝတ္ထုတိုများ” စာအုပ်ဖြင့် ဝတ္ထုတိုပေါင်းချုပ် အမျိုးသားစာပေဆုရ ဆရာမောင်ခြိမ့်နှင့် တွေ့ဆုံရန် ဆရာနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းသို့ သွားရောက်ခဲ့သည်။

ဆရာမောင်ခြိမ့်ကို အဖဦးထွန်းတင်၊ အမိဒေါ်မှံတို့က ဧရာဝတီတိုင်း ဝါးခယ်မမြို့ ဇုက္ကနိကျေးရွာတွင် ၁၉၅၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်က မွေးဖွားခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တပ်မတော်တွင် ဒုတိယအရာခံဗိုလ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၀ပြည့်နှစ် တစ်ဝိုက်ကစ၍ ကဗျာများ ရေးသားခဲ့သည်။

ဖခင်ဖြစ်သူ အင်းသူကြီး၏ ရေလုပ်ငန်းတွင် ဝိုင်းဝန်းကူညီလုပ်ဆောင်ခဲ့ရင်း ရေလုပ်သားတို့နှင့် နီးနီးကပ်ကပ်နေထိုင်ခဲ့ဖူးရာ ရေလုပ်သားတို့၏ဘဝ နေမှုထိုင်မှုနှင့် စိတ်နေစိတ်ထားများကို နှိုက်နှိုက်ချွတ်ချွတ်သိထားသူတစ်ဦးပင်ဖြစ်သည်။

“တံငါအသည်း မာရဲသလားဟေ့နှင့် အခြားဝတ္ထုများ”စာအုပ်တွင် ရေလုပ်သားများ၏ လုပ်ငန်းသဘာဝကြမ်းတမ်းပုံကို ရေးဖွဲ့ထားသည်။ လူထဲကလူများဖြစ်သည့် ရေလုပ်သားများတွင်လည်း ရက်စက်မှု၊ ကြင်နာမှု စသည့် စရိုက်များရှိနေသည်။ မြစ်များ၊ ချောင်းများထဲတွင် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ လုပ်ကိုင်ရသူများ၏ လူမှုစီးပွားဘဝများ၊ စေတနာဆရာများ၏ဘဝများ၊ ငါးဒိုင်လုပ်ငန်း လုပ်ကိုင်သူများ၏ လုပ်ငန်းသဘာဝများကိုလည်း ဖော်ပြထားသည်။ သုတနှင့် ရသနှစ်မျိုးစလုံးပါဝင်အောင် ရေးဖွဲ့ထားသည်။ဖတ်ရှုသူများ ဗဟုသုတလည်းရ၊ ခံစားမှုရသလည်း ပေးစွမ်းနိုင်သည့် ဝတ္ထုတိုများဖြစ်၍ အမျိုးသားစာပေဆု ရရှိခြင်းဖြစ်သည်။

အမျိုးသားစာပေဆု ချီးမြှင့်ခံရမှုနှင့် ပတ်သက်၍ ခံစားချက်နှင့် ရပ်တည်ချက်ကို မေးမြန်းသည့်အခါ ဆရာမောင်ခြိမ့်က

“ဆုရရှိ၍ အတိုင်းမသိ ဝမ်းမြောက်မိပါကြောင်း၊ ဘဝ၏တတိယအရွယ်ရောက်လာပြီဖြစ်၍ ဘဝရဲ့အဓိကနှင့် သာမညကို သဘောပေါက်ထားပြီဖြစ်ကြောင်း၊ စာဖတ်သူများအတွက် ဘဝသရုပ်ဖော် အကျိုးပြုရသစာပေများ ဆက်လက်ရေးသွားမည်ဖြစ်ကြောင်း၊ စာနာထောက်ထားမှုအသိမျိုးပေါ်လာအောင် တင်ပြရေးသားသွားမည်ဖြစ်ကြောင်း၊ စာရေးသားနိုင်သရွေ့ တစိုက်မတ်မတ် ရေးသားသွားဦးမည်ဖြစ်ကြောင်း” ပြောကြားသည်။

## ဘဝအမောပြေစေရန် ကဗျာရေကြည်အေးအေး တိုက်ကျွေးခြင်းဖြစ်

၁၉၇၂ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ (၃၆) နှစ်တာကာလအတွင်း မဂ္ဂဇင်းအသီးသီးတွင် ဖော်ပြပါရှိခဲ့သော ကဗျာပုဒ်ရေ ၂၀၀ ကျော်ကနေ ရွေးချယ်စိစစ်ပြီး ကဗျာ ၇၂ ပုဒ်ကို “စိမ့်စမ်းရေကြည်” ကဗျာစာစုအမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း၊ မြန်မာ့အလှ မြန်မာ့ဟန်များ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်နှင့် ထာဝရရှင်သန်စေလိုသော ရည်ရွယ်ချက်ဖြင့် ယနေ့စာမျက်နှာများတွင် လူသိနည်းပြီး တွေ့ရခဲတဲ့ ပုံထောက်သံ၊ ရုပ်သေးသီချင်း၊ တျာချင်း၊ အဲချင်း၊ အိုင်ချင်း၊ လေးချိုး၊ ဒွေးချိုးနှင့် နှယ်သာကီ သံပြတ် စတဲ့ရေးနည်း အမျိုးမျိုးဖြင့် ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိသည် ကဗျာရေးဖွဲ့ခြင်းကို “နဝမတန်း” ကျောင်းသားဘဝမှ စတင်ရေးဖွဲ့ခဲ့ကြောင်း၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများသို့ ၁၉၇၁ခုနှစ်တွင် စတင်ပို့ခဲ့ပြီး ၁၉၇၂ခုနှစ်ရောက်မှ မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် မောင်နီဝင်း(ပခုက္ကူ)ရယ် လို့

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ ကဗျာဆုရ ဆရာမောင်နီဝင်း(ပခုက္ကူ)။

ဖြစ်လာကြောင်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့၏ ကဗျာများက မိမိ၏ လက်ဦးဆရာများဖြစ်ကြောင်း၊ ဆရာဇော်ဂျီပြောခဲ့သော စကားတစ်ခွန်းကို မှတ်မိပါကြောင်း၊ ၎င်းစကားတစ်ခွန်းမှာ “ကဗျာကောင်းချင်ရင်စိတ်ကောင်းမွေးရမယ်”ဟူသော စကားပင်ဖြစ်ကြောင်း၊ ဤကဗျာပေါင်းချုပ်ဖြင့် စာဖတ်သူများကို “ဘဝအမော”တွေပြေစေရန် ကဗျာရေကြည်အေးအေး တိုက်ကျွေးခြင်းလည်း ဖြစ်ပါကြောင်းနှင့် ဆက်လက်၍လည်း တိုင်းကျိုးပြည်ကျိုး ပြည်သူ့အကျိုးပြု ကဗျာများကို ကြိုးစားရေးသားဖွဲ့နွဲ့သွား မည်ဖြစ်ကြောင်း ပြောပြသည်။

မောင်နီဝင်း(ပခုက္ကူ)ကို အဖ ဦးဘစော၊ အမိ ဒေါ်လှခိုင်တို့က မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့၌ ၁၉၄၉ခုနှစ်တွင် မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးကျော်ဝင်း ဖြစ်သည်။

**ရွှေဖုံးမှ**

ယင်းအနောက်ဘက်ကမ်း မြို့နယ်များမှ ငယ်သူငယ်ချင်းများက သူတို့ရပ်ရွာသို့ အလည်ခေါ်သော်ငြား မြစ်ကူးချောင်းခြား သွားလာရသဖြင့် လူးလာခေါက်ပြန် မရောက်ဖြစ်ခဲ့။ ယခုမူကား ဇက်ကူးစရာ မလိုတော့ဘဲ မုံရွာမြို့မြောက်ဘက် အလုံတပ်မြို့အနီးရှိ ချင်းတွင်းတံတားကြီးပေါ်မှ ဖြတ်သန်းသွားလာ၍ ရနေပေပြီ။

တံတားကြီး၏ အနောက်ဘက်ကမ်း တံတားအဆင်းတွင်ကား မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ကြီးနှင့် ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့များသို့ သွားသော လမ်းဟူ၍ လမ်းနှစ်လမ်းခွဲသွားသည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က အကောင်အထည်ဖော်တည်ဆောက်ပေးထားသည့် အောင်ဇေယျအိမ်ရာရှိသည်။ ယင်းအိမ်ရာအနီးတွင်တော့ ကတ္တရာလမ်းသစ်ကြီးတစ်ခု ဖောက်လုပ်နေသည်ကို တွေ့ရသည်။

သူငယ်ချင်းကျော်မိုးအား မေးမြန်းကြည့်ရာ ယင်းလမ်းမှာ ပုသိမ်-မုံရွာလမ်းမကြီးဖြစ်ကြောင်း၊ ယခင်မြေလမ်းကို ယခုကတ္တရာလမ်းခင်းမည်ဟု သိရကြောင်း ရှင်းပြသည်။ ထို့ကြောင့်ကားကို ခေတ္တရပ်ခိုင်း၍ လမ်းသစ်ဖောက်လုပ်နေမှုကို ခရီးသွားဟန်လွှဲဝင်ရောက်စေ့ငုလေ့လာဖြစ်ခဲ့သည်။

ရှေးဦးစွာ လမ်းခင်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်နေသော မုံရွာခရိုင်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ထွန်းအား မေးမြန်းကြည့်ရာ "မိုင်တိုင်(၄၅၀/၄)နဲ့ (၄၅၀/၅)အကြားမှာ ကျောက်ချောလမ်းခင်းနေတာပါ။ ပြီးရင် ကတ္တရာလမ်းအဖြစ် ဆက်ခင်းသွားမှာပါ"ဟု ပြန်လည်ဖြေကြားသည်။ ထို့နောက် ယင်းလုပ်ငန်းခွင်အနီးရှိ ရှင်းလင်းဆောင်သို့ ရောက်သောအခါတွင်မူကား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့သည်။

စီမံကိန်းတာဝန်ခံဖြစ်သူ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်သိန်းက "ဒီစီမံကိန်းက ပုသိမ်-မုံရွာလမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်နေတဲ့ စီမံကိန်းပါ။ အကောင်အထည်ဖော်တဲ့ နေရာမှာ အပိုင်း သုံးပိုင်းခွဲပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဖောက်လုပ်နေတဲ့အပိုင်းက အပိုင်း(၃)ဖြစ်တဲ့ ကဗွန်းမ-မုံရွာလမ်းအပိုင်းပါ။ လမ်းအရှည် ၈၇ မိုင် ငါးဖာလုံ ရှိပါတယ်"ဟု ရှင်းပြသည်။

ရှင်းလင်းဆောင်အတွင်းတွင် ပုသိမ်-မုံရွာလမ်းမကြီး၏ လက်ရှိလမ်းအခြေအနေ၊ လမ်းပိုင်းဆိုင်ရာအချက်အလက်များနှင့် မြေပုံများကို စနစ်တကျ ချိတ်ဆွဲပြသထားသည်။

အဆိုပါလမ်းမကြီးကား မြန်မာနိုင်ငံအောက်ပိုင်းရှိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အထက်ပိုင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်သည်။ စုစုပေါင်းအရှည် မိုင် ၄၅၀ ငါးဖာလုံရှိသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့ရွာများကို ဖြတ်သန်းဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်သန်းသွားသည်။ ဧရာဝတီအနောက်ခြမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါလမ်းစီမံကိန်းကြီးမှာ ယခင်နှစ်များစွာကပင် တည်ဆောက်အကောင်အထည်ဖော်ခဲ့သော စီမံကိန်းကြီးဖြစ်ကြောင်း ဒုတိယအင်ဂျင်နီယာချုပ်က ဆက်လက်ရှင်းလင်းပြောကြားသည်။ စီမံကိန်းတွင်ပါဝင်သည့် ပုသိမ်-ကံကလေး-ရေကြည်-ငါးသိုင်းချောင်း-ရေနံ့သာ-ဘက်ရဲအပိုင်းကို ၁၉၇၀ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်ခဲ့သည်။ လမ်းအရှည်မှာ မိုင် ၁၃၀ နှင့် ခြောက်ဖာလုံရှိသည်။ ထို့နောက် ကိုလံဘိုစီမံကိန်းမှ Snowy Mountain Engineering Corporation(SMEC) က ၁၉၇၁-၇၂ ခုနှစ်တွင် အရှည် ၃၁ မိုင် ခြောက်ဖာလုံရှိ ဘက်ရဲ-ဥသျှစ်ပင်အပိုင်း၊ ၁၉၇၆-၇၇ခုနှစ်တွင် ၅၂ မိုင် ခုနစ်ဖာလုံရှိ ဥသျှစ်ပင်-မင်းတုန်းအပိုင်းတို့အား ဆက်လက်ဖောက်လုပ်ခဲ့သည်။ ဥသျှစ်ပင်-မင်းတုန်းအပိုင်းတွင် ဥသျှစ်ပင်မှ ကံပြားအထိသာ ဖောက်လုပ်ပြီးစီးခဲ့သည်။

ယင်းနောက် ၁၉၈၂-၈၃ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက မင်းတုန်း-ပဒါန်းအပိုင်း ၅၁ မိုင် ငါးဖာလုံကို ဖောက်လုပ်ခဲ့သည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် အရှည် ၈၂ မိုင် တစ်ဖာလုံရှိ ပဒါန်း-ကဗွန်းမ အပိုင်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဩစတြေးလျနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဖောက်လုပ်ခဲ့သည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင်မူ ၁၀၅ မိုင် တစ်ဖာလုံရှိ ကဗွန်းမ-မုံရွာအပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်ခဲ့ပြီး လမ်းမကြီးကို တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပြီးစီးခဲ့သည်။ သို့သော် ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းမကြီးအဖြစ် ပြီးစီးအောင် ဖောက်လုပ်နိုင်ခြင်းမရှိခဲ့ဘဲ အချို့မှာ ကျောက်လမ်း၊ အချို့မှာ အမာခံလမ်းနှင့် အချို့မှာ မြေသားလမ်းအဆင့်သာရှိခဲ့သည်။ သို့ဖြစ်ရာ လမ်းမကြီး ဖောက်လုပ်ရခြင်း၏ မူလရည်ရွယ်ချက်ကို ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

၂၀၁၀ ခုနှစ် မတ်လ ၃၁ ရက်အထိ လမ်းအခြေအနေမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၇၇ မိုင် ကျောက်လမ်း နှစ်ဖာလုံ၊ အမာခံလမ်း ၅၉ မိုင် စုစုပေါင်း ၁၃၆ မိုင် နှစ်ဖာလုံ၊ ပဲခူးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၄၃ မိုင် လေးဖာလုံ၊ မကွေးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၈၆ မိုင်၊ ကျောက်လမ်း ၂၃ မိုင်၊ အမာခံလမ်း ၇၉ မိုင်၊ မြေလမ်း ၅၆ မိုင် ခုနစ်ဖာလုံ စုစုပေါင်း ၂၄၄ မိုင် ခုနစ်ဖာလုံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောက်လမ်း လေးဖာလုံ၊ အမာခံလမ်း ခြောက်မိုင် ငါးဖာလုံ၊ မြေသားလမ်း ၁၈ မိုင် ခုနစ်ဖာလုံ စုစုပေါင်း ၂၆ မိုင် ဖြစ်သည်။ လမ်းအရှည် စုစုပေါင်း မိုင် ၄၅၀ ငါးဖာလုံတွင် ကတ္တရာလမ်း ၂၀၆ မိုင် လေးဖာလုံသာရှိပြီး ကျောက် လမ်း ၂၃ မိုင် နှစ်ဖာလုံ၊ အမာခံလမ်း ၁၄၅မိုင် တစ်ဖာလုံနှင့် မြေလမ်း ၇၅မိုင် ခြောက်ဖာလုံရှိသည်။

ယခုအခါတွင်မူကား အဆိုပါလမ်းမကြီးအား လမ်းအင်္ဂါရပ် ပြည့်မီသော မြေသားတာပေါင် လမ်းအကျယ်ပေ ၄၀ နှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ရန် နိုင်ငံတော်က အထူးစီမံကိန်းကြီးတစ်ရပ်အဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လမ်းဖောက်လုပ်ရာတွင် လမ်းအရည်အသွေးပြည့်မီပြီး သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရေးအတွက် လမ်းမကြီးကို အပိုင်း သုံးပိုင်းခွဲကာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အပိုင်းသုံးပိုင်းအနက် ပုသိမ်မှ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နယ်စပ်အပိုင်း မိုင်တိုင်အမှတ် (၀/၀)မှ (၁၇၉/၆) အထိရှိသည့် ၁၇၉ မိုင် ခြောက်ဖာလုံကို အပိုင်း(၁) အဖြစ် သတ်မှတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်တို့က စီမံကိန်းကို တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နယ်စပ်မှ ကဗွန်းမအပိုင်း မိုင်တိုင်(၁၇၉/၆)မှ(၃၆၃/၀)အထိရှိသည့် အရှည် ၁၈၃ မိုင် နှစ်ဖာလုံကို အပိုင်း(၂)အဖြစ် သတ်မှတ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ သူရဦးစိန်သောင်းနှင့် အင်ဂျင်နီယာချုပ် ဦးသိန်းဇော်တို့က လည်းကောင်း၊ မိုင်(၃၆၃/၀)မှ (၄၅၀/၅) အထိရှိသည့် ကဗွန်းမ-မုံရွာအပိုင်းမှာ အပိုင်း(၃)ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်သိန်းတို့က လည်းကောင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအပိုင်းမှာ အရှည် ၈၇ မိုင် ငါးဖာလုံရှိသည်။ လမ်းအဆင့်မြှင့်တင် တည်ဆောက်ရာတွင် ကတ္တရာလမ်း ဖောက်လုပ်ခြင်းနှင့်အတူ လမ်းပေါ်ရှိ တံတားများကိုလည်း ပြုပြင်တည်ဆောက်ခြင်း၊ တံတားအသစ်ဆောက်လုပ်ခြင်းတို့ကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

အပိုင်း(၃)ဖြစ်သည့် ကဗွန်းမ-မုံရွာလမ်းပိုင်းတွင် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဒုတိယအင်ဂျင်နီယာချုပ်က မိမိတို့အပိုင်းတွင် ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းတို့သာရှိသဖြင့် လမ်းပိုင်းအစမှအဆုံးအထိ ကတ္တရာလမ်းအဖြစ် တစ်ဆက်တစ်စပ်တည်း အဆင့်မြှင့်တင် ဖောက်လုပ်သွားရမှာဖြစ်ကြောင်း၊ လမ်းကို ဆောက်လုပ်ရေးအဖွဲ့ ခုနစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့ဖြင့် အပိုင်းလိုက် လုပ်ငန်းတာဝန် ခွဲဝေဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းပြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မုံရွာခရိုင် ဆောက်လုပ်ရေးအဖွဲ့က ၁၁ မိုင် ငါးဖာလုံ၊ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)က ရှစ်မိုင်၊ Naing Group Co.,Ltd. က ခြောက်မိုင် သုံးဖာလုံ၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)က ၁၀မိုင်၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)က ၁၆ မိုင် ငါးဖာလုံ၊ အဆောက်အအုံ ဆောက်လုပ်ရေး

**ချင်းတွင်းတံတားကြီးမှတစ်ဆင့် ချင်းတွင်းမြစ်ကို အလွယ်တကူ ဖြတ်ကျော်သွားလာနိုင်ပေပြီ။**

**အောင်ဇေယျအိမ်ရာအနီးတွင် လမ်းဖောက်လုပ်နေမှုကို တွေ့ရစဉ်။**

**မိုင်တိုင် ၄၅၀/၄-၄၅၀/၅ အတွင်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။**

(၁၇၉/၆) အထိရှိသည့်
ခြောက်ဖာလုံကို အပိုင်း(၁)
ာ်မှတ်၍ ဆောက်လုပ်ရေး
ဒုတိယဝန်ကြီး ဦးမြင့်သိန်း
အင်ဂျင်နီယာချုပ် ဦးဝင်း
 စီမံကိန်းကို တာဝန်ယူ
ာင်ရွက်လျက်ရှိသည်။ ပဲခူး
ကြီးနှင့် မကွေးတိုင်း
ယ်စပ်မှ ကဇွန်းမအပိုင်း
၉/၆)မှ(၃၆၃/၀)အထိရှိ
ည် ၁၈၃ မိုင် နှစ်ဖာလုံကို
ဖြစ် သတ်မှတ်ပြီး ဆောက်
ကြီးဌာနမှ အထူးအရာရှိ
သောင်းနှင့် အင်ဂျင်နီယာ
ဇော်တို့က လည်းကောင်း၊
)မှ (၄၅၀/၅) အထိ
 ကဇွန်းမ-မုံရွာအပိုင်းမှာ
ွဲစ်ပြီး ဆောက်လုပ်ရေး
ဒုတိယဝန်ကြီး ဦးတင့်ဆွေ
င်ဂျင်နီယာချုပ် ဦးခင်မောင်
လည်းကောင်း တာဝန်ယူ
ာင်ရွက်လျက်ရှိသည်။ ယင်း
ရှည် ၈၇ မိုင် ငါးဖာလုံ
မ်းအဆင့်မြှင့်တင် တည်
ွင် ကတ္တရာလမ်း ဖောက်
အတူ လမ်းပေါ်ရှိ တံတား
 ပြုပြင်တည်ဆောက်ခြင်း၊
စ်ဆောက်လုပ်ခြင်းတို့ကိုပါ
ည်း ဆောင်ရွက်လျက်ရှိ

)ဖြစ်သည့် ကဇွန်းမ-မုံရွာ
 လုပ်ငန်းဆောင်ရွက်နေမှု
က်၍ ဒုတိယအင်ဂျင်နီယာ
့်အပိုင်းတွင် ကျောက်လမ်း၊
နှင့် မြေလမ်းတို့သာ
မ်းပိုင်းအစမှအဆုံးအထိ
းအဖြစ် တစ်ဆက်တစ်စပ်
င့်မြှင့်တင် ဖောက်လုပ်သွား
ာင်း၊ လမ်းကို ဆောက်လုပ်
စ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ သုံးဖွဲ့
ာ ဖွဲ့ဖြင့် အပိုင်းလိုက်
ဝန် ခွဲဝေဆောင်ရွက်
ာင်းဖြင့် ရှင်းပြသည်။
ဆောင်ရွက်ရာတွင် မုံရွာ
က်လုပ်ရေးအဖွဲ့က ၁၁ မိုင်
ဆောက်အအုံ ဆောက်လုပ်
အထူးအဖွဲ့(၃)က ရှစ်မိုင်၊
up Co.,Ltd. က ခြောက်
လုံ၊ လမ်းဆောက်လုပ်ရေး
ထူးအဖွဲ့(၁၀)က ၁၀မိုင်၊
င်းဆောက်လုပ်ရေးစီမံကိန်း
၂)က ၁၆ မိုင် ငါးဖာလုံ၊
အအုံ ဆောက်လုပ်ရေး
စီမံကိန်းအထူးအဖွဲ့(၅)က ၁၀မိုင်၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၃)က လေးမိုင်၊ ပခုက္ကူခရိုင်ဆောက်လုပ်ရေးအဖွဲ့က ၁၂ မိုင်၊ IGE Co., Ltd. က ငါးမိုင်နှင့် မြန်မာအဓိပတိကုမ္ပဏီက လေးမိုင် တာဝန်ခွဲဝေ ဖောက်လုပ်လျက်ရှိသည်။ လမ်းပေါ်တွင် ကွန်ကရစ်ရေပြွန် ၁၀၈ စင်း၊ ပေ ၅၀ အောက် တံတား ၅၁ စင်း၊ ပေ ၅၀ အထက် တံတား ၁၄ စင်း တို့ကိုလည်း တည်ဆောက်လျက်ရှိသည်။ လမ်းဖောက်လုပ်ရာတွင် အင်ဂျင်နီယာမှူး၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယအင်ဂျင်နီယာချုပ်က ဆက်လက်ပြောကြားသည်။

"ကျွန်တော့်အပိုင်းမှာ ထူးခြားတာတစ်ခုက ရေပြာနဲ့ ပေါက်တောမ အကြား ၁၀ မိုင်လောက်က မြေသားမရှိဘဲ သဲတွေပဲရှိနေတာပါ။ ဒီလမ်းပိုင်းကို ဖောက်လုပ်ရာမှာ သဲတွေကို တူးထုတ်ပြီးမှ အရည်အသွေးမီတဲ့ မြေသားကို အစားထိုးပြီး ဖောက်လုပ်ခဲ့ရပါတယ်" ၎င်းက ဆက်၍ရှင်းပြသည်။

မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးရဲမင်းဇော်ကလည်း ခရိုင်ဆောက်လုပ်ရေးအဖွဲ့အနေဖြင့် မိုင်တိုင်(၄၃၉/၀)မှ (၄၅၀/၅)အတွင်းရှိ ၁၁ မိုင် ငါးဖာလုံကို တာဝန်ယူ ဆောက်လုပ်နေမှု၊ သတ်မှတ်မြေသားလမ်းအကျယ် ရရှိအောင် မြေဖြတ်၊ မြေဖို့ စသည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျောက်ခင်း၊ ကတ္တရာလောင်းလုပ်ငန်းများကို နေရာအလိုက် တစ်ပြိုင်တည်း ဆောင်ရွက်နေမှုတို့ကို ရှင်းပြသည်။

ထို့နောက် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ထွန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးအောင်တို့နှင့်အတူ လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်လေ့လာခဲ့သည်။

ကျယ်ပြောပြန့်ပြူးလှသည့် မြေသားလမ်းမကြီးပေါ်တွင် အချို့နေရာများ၌ ကျောက်ခင်း၊ အချို့နေရာများ၌ ကတ္တရာခင်းနေသည်။ လမ်းပိုင်းအလိုက် တာဝန်ခံအင်ဂျင်နီယာများ၊ လမ်းလုပ်သားများက စက်ယန္တရားများဖြင့် မနားမနေ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ လမ်းပေါ်တွင် တည်ဆောက်ပြီးစီးသွားပြီဖြစ်သော တံတားကြီးတစ်စင်းကိုတွေ့ရ၍ မေးမြန်းကြည့်ရာ မြောက်ယမားချောင်းတံတားကြီး ဖြစ်ကြောင်း သိရသည်။ တံတားကြီးကား အရှည်ပေ ၁၂၈၀ ရှိသည့် ဘေလီအမျိုးအစား သစ်သားကြမ်းခင်း တံတားကြီးဖြစ်သည်။ လမ်းအကျယ် ၁၁ ပေခန့်ရှိပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် (၂၀) ဖြစ်သည်။ တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၈ ခုနှစ် မတ်လ ၁ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ တံတားအလွန် ယင်းမာပင်မြို့နယ် ဒုန်တောကျေးရွာအနီး မိုင်တိုင်အမှတ် (၄၄၆)နှင့် (၄၄၇)ကြားတွင်လည်း ကျောက်လမ်းခင်းပြီးနောက် လမ်းကြိတ်စက်ဖြင့် လမ်းမျက်နှာပြင် ချောမွေ့ညီညာစေရန် ဆောင်ရွက်နေသည်ကို အားရဖွယ် တွေ့မြင်ခဲ့ရသည်။ ဤသို့ သက်ဆိုင်ရာ လမ်းအင်ဂျင်နီယာများ၊ လမ်းလုပ်သားများက လုပ်ငန်းများကို အပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေပေရာ မကြာမီကာလ၌ ပုသိမ်မှ မုံရွာသို့ ရာသီမရွေး တောက်လျှောက် သွားလာနိုင်သော ကတ္တရာလမ်းသစ်ကြီးအဖြစ် ပေါ်ထွန်းလာပေတော့မည်။

မုံရွာဒေသမှ ထွက်ရှိသော မြေပဲဆားလှော်၊ ကျောက္ကာယွန်းထည်၊ မုံရွေးကတ်ကြေး၊ ဘုတလင်စောင် စသည့် ဒေသထွက်ကုန်များ၊ သီးနှံများ၊ ပုသိမ်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ပုသိမ်ဟာလဝါ၊ ပုသိမ်ထီးနှင့် ရေထွက်ကုန်ပစ္စည်းများသည် ယင်းလမ်းမကြီးမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပေတော့မည်။ အလားတူ ယင်းလမ်းမကြီးမှတစ်ဆင့် သွားလာရင်း ပုသိမ်မော်တင်စွန်းဘုရား၊ ပန်းတောင်းမြို့နယ်ရှိ ရွှေဘုံသာမုနိစေတီတော်၊ မင်းဘူးမြို့နယ်ရှိ စက်တော်ရာဘုရား၊ ပွင့်ဖြူမြို့နယ်ရှိ ကျောင်းတော်ရာစေတီတော်၊ မုံရွာဒေသရှိ သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်၊ ဗောဓိတစ်ထောင်ရုပ်တော်မှ ရုပ်ပွားတော်မြတ်ကြီး၊ ဖိုဝင်တောင်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရှိ ဘုရားစေတီများကို လွယ်လင့်တကူ သွားရောက်ဖူးမြော်နိုင်မည်ဖြစ်သည်။

လမ်းမကြီး တည်ဆောက်ပြီးစီးပါက မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ လည်းကောင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးများကို ဖြတ်သန်း၍ မြန်မာနိုင်ငံတစ်နံတစ်လျားသို့ လည်းကောင်း ချိတ်ဆက်သွားလာနိုင်ပေမည်။ လမ်းပန်း သာလာသည်နှင့်အမျှ လမ်းမကြီးတစ်လျှောက်တွင် လည်း အပြုံးတစ်ရာ၊ ပန်းတစ်ရာမက အခါမလပ် ဖူးပွင့်လာပေတော့မည်ကို တွေးဆမြင်ယောင်မိပါသည်။ ။

ယင်းမာပင်မြို့နယ် ဒုန်တောကျေးရွာအနီးတွင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

ခြင်းလုပ်ငန်း ဆောင်ရွက်

## မော်လမြိုင်စက်မှုလက်မှုအထက်တန်းကျောင်း အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၈

မော်လမြိုင်စက်မှုလက်မှုအထက်တန်းကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ (ရန်ကုန်) ဆရာဦးညဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးထွန်းလွင် ဖုန်း-၇၂၄၇၁၃၊ ၀၉-၅၀၇၃၈၉၂၊ ဦးကြည်မြင့် ဖုန်း ၀၉-၅၁၄၀၉၁၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၅၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁၆၉၆၂၃၊ ၆၈၀၂၂၆၊ ဦးစိုးမြင့် ဖုန်း-၆၈၂၆၂၈၊ ၀၉-၅၁၇၇၂၅၃၊ (မော်လမြိုင်)ဆရာမြဟန် ဖုန်း-၀၅၇-၂၂၈၅၉၊ ကိုအောင်မြင့် ဖုန်း-၀၉-၄၉၈၀၁၂၆၇၊ (တောင်ငူ)ဦးစိုးနိုင်ဦး ဖုန်း-၀၅၄-၂၃၃၉၁(လိုင်းခွဲ-၂၆)၊ (မုဒုံ)ဦးစောစိန်သောင်း ဖုန်း-၀၅၇-၇၀၆၃၄၊ (ဘားအံ) ဦးစောသိန်းဦး ဖုန်း-၀၅၈-၂၂၀၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ချောက် GTI အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

သခင်ဖိုးလှကြီး စက်မှုလက်မှုသိပ္ပံ(ချောက် GTI) ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၁၁ရက်(စနေနေ့) ညနေ ၆နာရီမှ ည ၁၀နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း တက္ကသိုလ်လှေလှော်အသင်းဝင်းအတွင်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ဦးကြည်ဝင်း(85E)ဖုန်း-၀၉-၅၀၈၃၉၃၄၊ ဦးစံအောင်ကြွယ်(86C)ဖုန်း-၀၉-၅၀၂၉၂၈၉၊ ဦးညီညီထွန်း (87 P,T) ဖုန်း-၀၉-၅၁၀၄၃၃၅) ၀၉-၅၁၀၂၉၉၄၊ ဦးအောင်မြ (92 E) ဖုန်း-၀၉-၅၀၅၇၀၂၄ နှင့် ဦးထွန်းလင်းဇော်(95 P)ဖုန်း-၀၉-၅၀၉၄၈၉၆ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးပွဲ ကျင်းပမည်

ရွှေတောင် ဒီဇင်ဘာ ၈

ရွှေတောင်မြို့နယ် ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်) စတုတ္ထအကြိမ်နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေးပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အသင်းတည်ရာ ပဥ္စနိကာယသာသနဗိမာန်ကျောင်းတိုက် ရန်ကင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော တိုက်နယ်သူ၊ တိုက်နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဒေသအစားအစာ ရွှေတောင်ခေါက်ဆွဲဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် ဒီဇင်ဘာ ၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးဖြိုးဇော်ငြိမ်းသည် ဒီဇင်ဘာ ၁ ရက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon(z) Star-x ဘောလုံးကို Honma MG-700(10) တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာမှ ကျင်းအမှတ်(၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

ထိုအချိန်တွင် ဦးဖြိုးဇော်ငြိမ်းနှင့်အတူ ကစားဖော်များဖြစ်ကြသော ဦးတင်ကိုကို၊ ဦးဇော်မင်းဦး၊ ဦးဇော်ဝင်းထွန်းနှင့် ဦးထင်အောင်လတ်တို့လည်း အတူကစားလျက်ရှိသည်။ (သတင်းစဉ်)



ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင် ကျောက်စီနံရံပြုလုပ်ရန် ပစ္စည်းများ စုဆောင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၁၂-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ အကပဒေသာ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၅ ၄။ အဆိုပြိုင်ပွဲ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ "မျက်ရည်စက်များကင်းစေချင်"
၅း၁၀ ၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၄၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (Fresh) (ကုန်ထုတ်လုပ်မှု အကျိုးဆက်လှိုင်းဂယက်) (အပိုင်း-၂)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၃၄) (နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ၊ ကောင်းဆက်ထူး၊ ဇော်ဇော်အောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရံမဲ့. . . ရန်ခုန်သံ" (အပိုင်း-၁၆)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၄)
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၈)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၁၇)**
၂၁။ အစီအစဉ်ပြီး၏။

## မြန်မာနိုင်ငံအောက်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့နှင့် ကသာမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၂၀လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၉ ရက် ညနေထိခန့်မှန်းချက်။ ။** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။ ။** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသော မိုင်းနင်းမိ၍ ဒေသခံပြည်သူတစ်ဦး ဒဏ်ရာရ

နေပြည်တော် ဒီဇင်ဘာ ၈

ကရင်ပြည်နယ် ဘားအံမြို့နယ် ဖားတောင်ရွာကလေး ကျေးရွာနေ ဦးကြိုးကလေးနှင့် အဖော်တစ်ဦးတို့သည် ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲခန့်တွင် ရွာ၏ အနောက်မြောက်ဘက်ရှိ မီးဖိုင်းတောင်အနီး၌ ဟင်းသီးဟင်းရွက် ရှာဖွေနေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိခဲ့သဖြင့် ဦးကြိုးကလေး၏ ညာခြေချင်းဝတ်ပြတ် ဒဏ်ရာရခဲ့၍ ကမမောင်း ဆေးခန်း၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီ ဆိုင်းဘုတ်တင်ပွဲကျင်းပ

**မကွေး ဒီဇင်ဘာ ၈**

မကွေးမြို့နယ် ပဲမျိုးစုံ အထူးပြုကုမ္ပဏီ ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီလီမိတက်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်အခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီက မကွေးမြို့ အောင်ရတနာရပ်ကွက် သုခိတာလမ်း မကွေးကုန်စည်ဒိုင်ခန်းမ ရှေ့၌ ကျင်းပသည်။

**ဖွင့်လှစ်**

အစီအစဉ်အရ မကွေးမြို့နယ် ပဲမျိုးစုံ အထူးပြုကုမ္ပဏီ (ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက်) ဆိုင်းဘုတ်ကို မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ရွှေထနောင်း ပဲမျိုးစုံအထူးပြုကုမ္ပဏီ ဥက္ကဋ္ဌ ဦးဖိုးသင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပဲမျိုးစုံ အထူးပြုကုမ္ပဏီ (ရွှေထနောင်း စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက်) ဆိုင်းဘုတ်ကို မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပဲမျိုးစုံအထူးပြုကုမ္ပဏီ (ရွှေထနောင်း စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက်)ဥက္ကဋ္ဌ ဦးဖိုးသင်မောင်က မကွေးဒေသခံ ပွဲစား၊ ကုန်သည်များနှင့် တွေ့ဆုံကာ ရွှေထနောင်း(ပဲအထူးပြု) စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကြောင်း သိရသည်။

(၃၃၃)

**သစ်ပင်စိုက်ပါ**
**ဒို့ကမ္ဘာ**
**သာယာလှပ**
**စိမ်းမြမြ**

# မော်လမြိုင်ပညာရေးကောလိပ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မော်လမြိုင်ပညာရေးကောလိပ် (ယခင်မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ)၌ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းညီလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမင်းထွန်းတင်(တိုင်းပညာရေးမှူး ပဲခူး-အနောက်) ဖုန်း-၀၉-၈၇၀၃၃၁၈၊ ဦးမြင့်ဆွေ (ပြည်နယ်ပညာရေးမှူး-မွန်ပြည်နယ်)ဖုန်း-၀၅၇-၂၇၁၄၉၊ ဦးစောစံယဉ် (ပြည်နယ်ပညာရေးမှူး-ကရင်)ဖုန်း-၀၉-၄၉၇၇၁၁၂၃နှင့် ဒေါ်မြတ်မြတ်ဝေ ကျောင်းအုပ်ကြီး (ပညာရေးကောလိပ်-မော်လမြိုင်) ဖုန်း-၀၉-၅၀၃၅၀၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၉-၁၂-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ မွေးမြူသုတ
၄း၄၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၅၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၅ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၂၀)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၂၈)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၁၅)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၃)**
၂၃။ ဂီတရင်ခုန်သံ
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# Champion Construction Materials Mall (Nay Pyi Taw) အရောင်းခန်းမသစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**Champion Construction Materials Co.,Ltd.(Member of Naing Group)၏ Champion Construction Materials Mall (Nay Pyi Taw) အရောင်းခန်းမသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၂) ရပ်ကွက် ရာဇဌာနီလမ်းပေါ်ရှိ အဆိုပါ အရောင်းခန်းမရှေ့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ Naing Group ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ Champion Construction Materials Mall (Nay Pyi Taw) မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလှသိန်းဆွေနှင့် ဦးတင့်ဆွေ၊ Naing Group ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦးတို့က အရောင်းခန်းမသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး Champion Construction Materials Mall (Nay Pyi Taw) ဆိုင်းဘုတ်ကို ဒုတိယဝန်ကြီး ဦးတင်ငွေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အရောင်းခန်းမသစ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယခုဖွင့်လှစ်သည့် Champion Construction Materials Mall (Nay Pyi Taw) ၌ ခိုင်ခံ့သပ်ရပ်လှပခေတ်မီဆန်းသစ်သည့် Stainless Steel Door, Steel Sink, Plastic Tank , Shower Enclosure , Bathtub, Hand Spray, Bath room Accessory နှင့် Steel Wooden, Solid Wood, Melamine အစရှိသည့် Interior Door အမျိုးမျိုး၊ Asia Brand Image အမြင့်မားဆုံးရရှိထားသည့် Decobay Shower Cabin များ ၊ ကမ္ဘာ့အဆင့်မီ Johnsen Suisse Toilet & Basin များ၊ Steel Security Door, Toilet & Basin, High Quality Tap Ware များနှင့် ထိုင်းနိုင်ငံတွင်ထုတ်လုပ်သော Steel Tank များကိုပါ တင်သွင်းဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

Champion ၏ အရည်အသွေးမြင့်မားသော ဆောက်လုပ်ရေးသုံးအိမ်အလှဆင်နှင့် ရေချိုးခန်းသုံးပစ္စည်းများအား ဈေးနှုန်းချိုသာဝယ်ယူအသုံးပြုနိုင်ရန် နေပြည်တော်၌ အမှတ်(၃၀/၅၉) ရာဇဌာနီလမ်း ပေါင်းလောင်း(၂)ရပ်ကွက် ပျဉ်းမနားမြို့နယ် ဖုန်း-၀၆၇-၂၅၃၀၉၊၂၁၄၂၆၊ ၀၉၄၉၂၄၄၃၁၅၌ လည်းကောင်း၊ ရန်ကုန်မြို့၌ Show Room I ကို အမှတ်(၂) မိုးကောင်းလမ်း စံကားဝါအိမ်ရာ ရန်ကင်းမြို့နယ် ဖုန်း -၀၁-၄၀၀၅၆၃၊၄၀၀၅၆၄၊ ၄၀၀၅၆၂၊ ၄၀၀၅၆၅ နှင့် Show Room II ကို အမှတ်(၄၀၈) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၁-၂၀၀၂၉၀တို့၌ လည်းကောင်း၊ မန္တလေးမြို့၌ အမှတ်(၂၅၅) (၃၅)လမ်း လမ်း(၈၀)နှင့် (၈၁)လမ်းကြား ရတနာဘူမိ (အရှေ့အရပ်) မဟာအောင်မြေမြို့နယ် ဖုန်း-၀၂-၇၂၇၀၃၊ ၉၁၀၀၈၁၉၇၊၉၁၀၂၅၇၉၂ ၌ လည်းကောင်း အရောင်းခန်းမများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ Champion Construction Materials Mall (Nay Pyi Taw) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

**စံပယ်လမ်း ပန်းလှိုင်အိမ်ရာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဦးအောင်ဝင်း-ဒေါ်ဇင်မာချို၊ သမီး မနွေးထက်ထက်အောင်၊ သား မောင်အောင်ကောင်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ မျက်စိတွင်းထည့် မှန်ဘီလူးနှင့် အဆင့်မြင့် ခြောက်ထပ်ဆေးရုံသစ်ကြီး ဆောက်လုပ်ရာတွင် အထူးခန်းတစ်ခန်းတို့အတွက် အလှူငွေကျပ် ၂၅ သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

# ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁)အင်ဂျင်နီယာနှင့် ဗိသုကာတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ပုလဲရတုအကြို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ မိသားစုတွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည်ဖြစ်ပါ၍ ဦးအောင်နိုင်မြင့် ဖုန်း-၀၉-၉၀၃၀၂၅၃၊ ဒေါ်ညိုညိုသက် ဖုန်း- ၀၁-၇၃၀၉၅၃၅၃၊ ဦးဝင်းဆွေ ဖုန်း-၀၉-၅၀၁၆၀၉၅၊ ဦးကျော်ဆန်း ဖုန်း-၀၉-၅၀၀၃၈၁၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မုဒုံမြို့နယ်၌ ရေဆင်းကူးရာမှ ကလေးငယ်လေးဦး ရေနစ်သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၈**

မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းရွာတောင်ပိုင်းရှိ ဘဲခြံတစ်ခြံအနီး ဘဲရမ်းအင်းအတွင်း ဒီဇင်ဘာ ၅ ရက် နံနက် ၁၀နာရီခန့်က ကလေးငယ်လေးဦး ရေဆင်းကူးကာ ဘဲဥရှာဖွေရာမှ ရေနစ်သေဆုံးခဲ့ကြောင်း မုဒုံရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သေဆုံးသူကလေးလေးဦးမှာ အသက်(၁၀)နှစ်၊ (၉)နှစ်၊ (၈)နှစ်နှင့် (၇)နှစ်အရွယ် အသီးသီးရှိပြီး ယောကျ်ားလေးနှစ်ဦး၊ မိန်းကလေးနှစ်ဦးဖြစ်ကြောင်း၊ ကလေးငယ်ရွယ်ရှိသူ မိဘများအနေဖြင့် ဤဖြစ်စဉ်အပေါ် သင်ခန်းစာယူပြီး အလားတူ မဖြစ်ပွားစေရေးအတွက် ဂရုစိုက်စောင့်ရှောက်ကြရန် သတိပေးလိုကြောင်းဖြင့် ၎င်းကဆက်လက်ပြောကြားခဲ့သည်။ (သတင်းစဉ်)

## ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများ စားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စိမ်ထားသော အစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။(ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

**ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာချုပ်ကိုယ်စားပြု (ဂ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့ မြို့တော်ခန်းမဝင်းအတွင်း ကားရပ်နားရန်နေရာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းထိုက်ဦးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

# (၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည့် ၂၀၁၀ခုနှစ် (၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

အခမ်းအနားတွင် အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းဝင်ရောက်နေရာယူကြပြီးနောက် ယမန်နှစ် ချန်ပီယံအသင်းဖြစ်သော ကချင်ပြည်နယ်အသင်းမှ တံခွန်စိုက်ဒိုင်းဆုကြီးကို ပြန်လည်အပ်နှံရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က လက်ခံ၍ အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**လိုက်လံနှုတ်ဆက်**

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့နှင့်အတူ ပြိုင်ပွဲဝင် အားကစားအသင်းများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြကာ ပြိုင်ပွဲများကို စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကို ဒီဇင်ဘာ ၈ရက်အထိ နေ့စဉ် နံနက် ၉နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၅သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှာစကားပြောကြား**

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် (၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ချန်ပီယံလိဂ် အုပ်စုနောက်ဆုံး ပထမနေ့ပွဲစဉ်များ ပြီးဆုံး မန်ယူ၊ စပါးတို့ သရေကျသော်လည်း အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်

**လန်ဒန် ဒီဇင်ဘာ ၈**

ချန်ပီယံလိဂ်အုပ်စုနောက်ဆုံး ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ မန်ယူ၊ စပါးတို့ သရေသာကစားနိုင်ခဲ့သော်လည်း အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

**အုပ်စု (A)**

အုပ်စု(A)ပွဲစဉ်များတွင် တွမ်တီးနှင့် စပါးတို့ သုံးဂိုးစီ သရေကျခဲ့ပြီး အင်တာမီလန်မှာ ဝါဒါဘရီမင်ကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ တွမ်တီးနှင့် စပါးတို့ပွဲတွင် တွမ်တီးအတွက် ဂိုးများကို ၂၂မိနစ်တွင် လန်းဇတ်(ပယ်နယ်တီ)၊ ၅၆မိနစ်တွင် ရော့ဆေးလ်စ်နှင့် ၆၄မိနစ်တွင် ချာဒလီတို့က သွင်းယူခဲ့ပြီး စပါးအတွက် ဂိုးများကို ၁၂မိနစ်တွင် ဝစ်ဂါဟော့ဖ်(OG)၊ ၄၇ မိနစ်နှင့် မိနစ် ၆၀တို့တွင် ဒီဖိုးက သွင်းယူခဲ့သည်။ အုပ်စု(A) ပွဲစဉ်များအပြီးတွင် စပါးကရမှတ် ၁၁မှတ်ဖြင့် အုပ်စုပထမ၊ အင်တာမီလန်က ၁၀ မှတ်ဖြင့် အုပ်စုဒုတိယရကာ ရှုံးထွက်အဆင့်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ တွမ်တီးအသင်းမှာ ယူရိုပါလိဂ်ဝင်ခွင့်ရခဲ့ပြီး ဝါဒါဘရီမင်မှာ အုပ်စုအဆင့်ဖြင့်သာ ကျနပ်ခဲ့ရသည်။

**အုပ်စု(B)**

အုပ်စု(B)ပွဲစဉ်များတွင် ရှော်ကေးက ဘင်ဖီကာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ လိုင်ယွန်နှင့် ဟာပိုးလ်တဲလ်အဗစ်တို့ပွဲမှာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ဤအုပ်စုတွင် ရှော်ကေးက ၁၃ မှတ်ဖြင့် အုပ်စုပထမရကာ လိုင်ယွန်က ၁၀မှတ်ဖြင့် အုပ်စုဒုတိယရပြီး ရှုံးထွက်အဆင့် တက်နိုင်ခဲ့သည်။ ဘင်ဖီကာမှာ ယူရိုပါလိဂ်ဝင်ခွင့်ရခဲ့သည်။

**အုပ်စု(C)**

ဤအုပ်စုမှ မန်ယူနှင့်ဗလင်စီယာတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဘူဆာစပေါ်နှင့် ရိန်းဂျားစ်တို့ပွဲမှာလည်း တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ အိုးထရတ်ဖို့ဒ်၌ ကစားသည့်ပွဲတွင် မန်ယူအတွက်ဂိုးကို ပွဲချိန် ၆၂မိနစ်တွင် ကွင်းလယ်ကစားသမား အန်ဒါဆန်ကသွင်းယူခဲ့ပြီး ဗလင်စီယာအတွက်ဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် ပါဘလိုကသွင်းယူခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲကို သရေကစားနိုင်ခဲ့သော်လည်း ၁၄ မှတ်ဖြင့် အုပ်စုပထမ၊ ဗလင်စီယာက ၁၁ မှတ်ဖြင့် ဒုတိယရရှိကာ အုပ်စုကို အသီးသီးကျော်ဖြတ်နိုင်ခဲ့ကြသည်။ ရိန်းဂျားစ်မှာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့သည်။

**မန်ယူအတွက်ချေပဂိုးကို အန်ဒါဆန် ဤကဲ့သို့ သွင်းယူခဲ့သည်။**

**အုပ်စု(D)**

အုပ်စု(D)တွင် ဘာစီလိုနာက ရူဘင်ကာဇင်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကိုပင်ဟေဂင်က ပင်နာသီယာကော့စ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် ဘာစီလိုနာက ၁၄ မှတ်ဖြင့် အုပ်စုပထမ၊ ကိုပင်ဟေဂင်က ၁၀မှတ်ဖြင့် အုပ်စုဒုတိယရကာ ရူဘင်ကာဇင်မှာ ခြောက်မှတ်ဖြင့် ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့သည်။

**အင်တာနက်။**

# အိုဝင်ကွိုင်လီကို မန်ယူနှင့် လီဗာပူးတို့ စိတ်ဝင်စားနေ

**မန်ချက်စတာ ဒီဇင်ဘာ ၈**

ပြီးခဲ့သည့် နိုဝင်ဘာလအတွက် အကောင်းဆုံး မန်နေဂျာဆုရထားသည့် ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီအား အသင်းကြီးများဖြစ်သည့် မန်ယူနှင့် လီဗာပူးတို့ အပြိုင်စိတ်ဝင်စားနေကြောင်း သိရသည်။

ယမန်နှစ်က ဘန်လေအသင်းမှ ပြောင်းရွှေ့ရောက်ရှိလာခဲ့သည့် အိုဝင်ကွိုင်လီသည် ယင်းနှစ်တွင်ပင် ဘော်လ်တန်အသင်းကို တန်းဆင်းဇုန်အန္တရာယ်မှ ကယ်ထုတ်နိုင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ဘော်လ်တန်အသင်းအား ပရီမီယာလိဂ်ပွဲစဉ်(၁၆)အပြီးတွင် အဆင့်(၆)ထိရောက်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။ မန်ယူအသင်းမှ နည်းပြဖာဂူဆန် အနားယူချိန်နှင့် လီဗာပူး နည်းပြ ရွှိုင်းဟော့ဒ်ဆန် အထုတ်ခံရပြီးချိန်တွင် အိုဝင်ကွိုင်လီနှင့် အစားထိုးရန် အသီးသီး ရည်ရွယ်ထားကြခြင်းဖြစ်သည်။ လက်ရှိအချိန်တွင်မူ အိုဝင်ကွိုင်လီသည် မိမိကိုင်တွယ်သည့် ဘော်လ်တန်အသင်းအား ရာသီကုန်တွင် ယူရိုပါလိဂ်ဝင်ခွင့်ရရန် အဓိကအာရုံစိုက်မှုတစ်ခုသာ ရှိသည်ဟု ဆိုသည်။ **အင်တာနက်။**

**မန်ယူနှင့်လီဗာပူးတို့ ပစ်မှတ်ထားလာသည့် ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီ။**

# နယူးကာဆယ်နည်းပြသစ် မာတင်ဂျိုးလ် ဖြစ်လာဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၈**

နယူးကာဆယ်အသင်းတွင် နည်းပြခရစ်ဟတ်တန်ထုတ်ပယ်ခံရပြီးနောက် ၎င်း၏နေရာတွင် အစားထိုးရန် အိုင်းယက်စ် (Ajax) နည်းပြဟောင်း မာတင်ဂျိုးလ်မှာ ရေပန်းစားလာခဲ့သည်။

နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၆)တွင် ဝက်စ်ဘရွန်းအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် တနင်္လာနေ့တွင် နည်းပြခရစ်ဟတ်တန်ကို ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။ နယူးကာဆယ်အသင်း၏ နည်းပြရာထူးနေရာကို ဝက်စ်ဟမ်းနည်းပြ အလန်ကာဘစ်ရှ်လေနှင့် ဗီလာနည်းပြဟောင်း မာတင်အိုနေးလ်တို့က စိတ်ဝင်စားလျက်ရှိသည်ဟု သိရသည်။

သို့သော် နည်းပြရာထူးနေရာ အတွက် လက်ရှိရေပန်းစားနေသူမှာ အိုင်းယက်စ်အသင်းမှ ရုတ်တရက် နုတ်ထွက်လိုက်သည့် မာတင်ဂျိုးလ်ပင်ဖြစ်သည်။ မာတင်ဂျိုးလ်အပြင် နယူးကာဆယ်ဘုတ်အဖွဲ့ စဉ်းစားထားသူများထဲတွင် ဆောက်သမ်ပတန် နည်းပြဟောင်း အလန်ပါဒရူးလည်း ပါဝင်နေသည်ဟု သိရသည်။

**အင်တာနက်။**

**နယူးကာဆယ်အသင်း နည်းပြဖြစ်ရန် ရေပန်းစားနေသည့် မာတင်ဂျိုးလ်။**

**ဝင်းတင်(ကြေးမုံ)**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## မှော်ဘီမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၈

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၃)ရှိ Green Land Farm မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဝက်များမွေးမြူထားရှိမှုနှင့် နွားများမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၂)ရှိ မြန်မာ့ဂရင်းလိုက် စိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက် မွေးမြူထားရှိမှုနှင့် ငါးမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၂)ရှိ နေရှင်နယ်နက်ဝပ်စ် ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးထားသည့် နှစ်ရှည်ပင်များနှင့် လမ်းခင်းကျင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

## ထူးခြားသည့် ညအပူချိန်များ

၈ - ၁၂ - ၂၀၁၀

| | | |
|---|---|---|
| ဟားခါး | ၅ | ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၈ | ဒီဂရီစင်တီဂရိတ် |
| ကသာ | ၈ | ဒီဂရီစင်တီဂရိတ် |

## ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## လူငယ်များ ကိုယ့်နိုင်ငံသမိုင်းကြောင်းကို သေသေချာချာသိထားသင့် သို့မှသာ သူများပြောသည်ကို အဟုတ်ထင်၊ သူများရေးသည့်သမိုင်းကို အမှန်ထင်ခြင်းမှ ကင်းဝေးမည်

**နိုင်ငံတစ်ခု၏ သမိုင်းသည် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ဇာတိပုည ဂုဏ်မာနနှင့် ယဉ်ကျေးမှုဓလေ့စရိုက်ကို ဖော်ညွှန်းသည်။ ထို့ထက်လည်းပိုနိုင်သည်။ သမိုင်းအစဉ်အလာ အားကောင်းမှု၊ မကောင်းမှုသည် ထိုနိုင်ငံ ထိုလူမျိုးတို့၏ ဂုဏ်ဒြပ်ကို ဖော်ညွှန်းပေးနိုင်သည့် ပြယုဂ်ပင်ဖြစ်သည်။**

မြန်မာနိုင်ငံသည်ကား ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာတို့ ခိုင်မာစွာ တည်ရှိသည့် နိုင်ငံဖြစ်သည့်အလျောက် ခိုင်မာသည့် သမိုင်းအစဉ်အလာလည်း ရှိထားပြီးဖြစ်သည်။ ထိုသမိုင်းအစဉ်အလာတို့ကို အများပြည်သူတို့ (အထူးသဖြင့် ယနေ့ခေတ်လူငယ်တို့) အတွင်းကျကျသိရှိထားစေချင်သည့် ဆန္ဒတစ်ခုဖြင့် သမိုင်းဆိုင်ရာစာပေကို တစိုက်မတ်မတ် ရေးသားခဲ့သည့် စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)သည် ၂၀၀၉ ခုနှစ်အတွက် အမျိုးသား စာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၂၀၀၉ ခုနှစ်အတွက် ရွေးချယ် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

**အမျိုးသားစာပေဆုရ စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း**

သန်းလွင်၊ ခင်စိန်ရီ၊ မျိုးထွန်း၊ ရဲဝင်းဆောင်

**စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်) ရှင်းလင်းပြောကြားစဉ်။**